# စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၂၀/ ၂၀၂၃)                                   ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ(၂) ရက်

| ၂ - ၁၁ -၂၀၂၃ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂,၁၀၀.၀ |
| ယူရို | ၂,၂၃၀.၄ |
| စင်္ကာပူဒေါ်လာ | ၁,၅၃၉.၂ |
| စတာလင်ပေါင် | ၂,၅၅၈.၄ |
| ဂျပန်ယန်း (၁၀၀) | ၁,၃၉၇.၃ |
| တရုတ်ယွမ် | ၂၈၆.၉၅ |
| ဟောင်ကောင် ဒေါ်လာ | ၂၆၈.၄၀ |
| အိန္ဒိယရူပီး | ၂၅.၂၃၁ |
| ကိုရီးယားဝမ် (၁၀၀) | ၁၅၇.၀၇ |
| မလေးရှား ရင်းဂစ် | ၄၄၁.၉၇ |
| ဖိလစ်ပိုင်ပီဆို | ၃၆.၉၅၆ |
| ထိုင်းဘတ် | ၅၈.၄၃၉ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၈.၅၄၄၄ |

လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ၊
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com

## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ ဒေလီတွင် ဈေးကွက်အတွင်းကြက်သွန်နီ ပြတ်လတ်မှုများကြောင့် ဈေးနှုန်းမြင့်တက်လာခြင်းအပေါ် ကုန်သည်များက အပြစ်တင်ဝေဖန်

➢ အိန္ဒိယအစိုးရသည် ကြက်သွန်နီ၏ အနိမ့်ဆုံးပို့ကုန်ဈေးနှုန်း (Minimum Export Price-MEP) ကို ၁ တန်လျှင် အမေရိကန်ဒေါ်လာ ၈၀၀ သတ်မှတ်

➢ ထိုင်းနိုင်ငံ သကြားစိုက်တောင်သူများက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် တွေ့ဆုံဆွေးနွေးလိုကြောင်း ပြောကြား

➢ ထိုင်းနိုင်ငံ၌ သကြားဈေးနှုန်းများ ထိန်းညှိသွားနိုင်ရေးအဆိုပြုချက်အပေါ် ကုန်စည်နှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဗဟိုကော်မတီခွင့်ပြုခဲ့

➢ ထိုင်းနိုင်ငံ၌ လယ်ယာထွက်ကုန်ပစ္စည်းများ၏ ဈေးနှုန်းတည်ငြိမ်ရေးအတွက် စီမံဆောင်ရွက်သွားမည်ဖြစ်

➢ ထိုင်းနိုင်ငံ၌ ဆန်စပါးဈေးနှုန်းတည်ငြိမ်စေရေးအတွက် အစီအမံများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြောကြား

➢ ၂၀၂၃-၂၀၂၄ စိုက်ပျိုးရာသီတွင် ထိုင်းဆန် စိုက်ပျိုးထုတ်လုပ်မှု ကျဆင်းသွားနိုင်ဖွယ်ရှိ

➢ ထိုင်းနိုင်ငံ၊ အစိုးရသစ်အနေဖြင့် ဆန်စပါးအတွက် မဟာဗျူဟာအပေါ် ပိုမိုအာရုံစိုက်စေလိုကြောင်း ဆန်စပါးတင်ပို့သူများအသင်းဥက္ကဋ္ဌက အကြံပြုပြောကြား

- ယခုနှစ်အတွင်း ထိုင်းနိုင်ငံ၏ ဆန်တင်ပို့မှုသည် မျှော်မှန်းထားသည့် အတိုင်း တန်ချိန် ၈ သန်းထိ ရောက်ရှိနိုင်
- ထိုင်းနိုင်ငံတွင် ပြည်တွင်းကုန်စည် ဈေးနှုန်းများ တည်ငြိမ်နေဆဲဖြစ်
- အယ်လ်နီညိုသက်ရောက်မှုကို ကိုင်တွယ်ဖြေရှင်းနိုင်ရေးအတွက် အထူး အဖွဲ့ ဖွဲ့စည်းရန် ထိုင်းနိုင်ငံဝန်ကြီးချုပ်က လမ်းညွှန်မှာကြားခဲ့
- နိုဝင်ဘာလတွင် စတင်လာတော့မည့် အယ်လ်နီညို ရာသီဥတုဖြစ်စဉ်များ ကြောင့် ထိုင်းနိုင်ငံတွင် ရေပြတ်လပ်မှုကြုံလာနိုင်သည်ကို စိုးရိမ်လျက်ရှိ
- ရုရှား ဓာတ်မြေဩဇာထုတ်လုပ်သူများက ပို့ကုန်ခွန်များလျှော့ချပေးရန် တောင်းဆို
- ရုရှားနိုင်ငံမှ တရုတ်နိုင်ငံသို့ ငါးတင်ပို့မှုသည် ၈ လအတွင်း ၂၀ ရာခိုင်နှုန်း တိုးတက်ခဲ့
- ရုရှားနိုင်ငံမှ ကြက်သားနှင့် ကြက်ဥတင်ပို့မှုကို ၆ လကြာ ပိတ်ပင်ရန် အဆို ပြုထား
- တရုတ်နိုင်ငံ၏ လယ်ယာထွက်ကုန် ပြည်ပကုန်သွယ်မှု မြင့်တက်လာ
- နိုင်ငံတကာမှ လယ်ယာစိုက်ပျိုးရေးကုမ္ပဏီများသည် တရုတ်နိုင်ငံ အနောက် ပိုင်းဈေးကွက်ကို မျက်စိကျနေ

- **အထွေထွေသတင်းများ**

- ထိုင်းနိုင်ငံ၌ ပြည်သူများ နေ့စဉ်စားသုံးရာတွင် မရှိမဖြစ်အရေးပါသော ကုန် စည်အမျိုး ၂၀ အတွက် အောက်တိုဘာလမှစ၍ ဈေးနှုန်းလျှော့ချပေး သွားမည်ဖြစ်
- ထိုင်းနိုင်ငံ စက်မှုဝန်ကြီးဌာနအနေဖြင့် ကုန်ပစ္စည်းများ၏ အရည်အသွေး စစ် ဆေးခြင်းကို တွန်းအားပေး ဆောင်ရွက်သွားစေလို
- ရုရှားနိုင်ငံသည် အိန္ဒိယ၏ စက်မှုဇုန်များတွင် ရုရှားကုမ္ပဏီများကို နေရာချ ထားရန် စဉ်းစားလျက်ရှိ

- ရုရှားပို့ကုန်ပံ့ပိုးရေးစင်တာများသည် ၉ လအတွင်း SME လုပ်ငန်းပေါင်း ၂၂,၀၀၀ ကို ပို့ကုန်တင်ပို့နိုင်ရန် ကူညီပေးခဲ့
- ရုရှားနှင့် မွန်ဂိုလီးယားနိုင်ငံတို့သည် "MIR" ငွေပေးချေမှုစနစ် အသုံးပြုရန် ဆွေးနွေး
- အိန္ဒိယနိုင်ငံ၏ မျှော်မှန်းချက် ၂၀၄၇ (အလယ်အလတ်ဝင်ငွေအဆင့်မှ လွတ်မြောက်ပြီး ဖွံ့ဖြိုးပြီးနိုင်ငံအဆင့်ဖြစ်လာရေး မျှော်မှန်းချက်)

# ဒေလီတွင် ဈေးကွက်အတွင်းကြက်သွန်နီ ပြတ်လတ်မှုများကြောင့် ဈေးနှုန်းမြင့်တက်လာခြင်းအပေါ် ကုန်သည်များက အပြစ်တင်ဝေဖန်

အိန္ဒိယနိုင်ငံ၏မြို့တော် နယူးဒေလီမြို့တော်တွင် စနေနေ့က ကြက်သွန်နီဈေးနှုန်းသည် ယခင်ဈေးနှုန်းထက် နှစ်ဆနီးပါး မြင့်တက်လာခဲ့သဖြင့် နေအိမ်မိသားစု အသုံးစရိတ်အပေါ် သက်ရောက်မှုရှိခဲ့ကြောင်းနှင့် ကြက်သွန်နီ ကုန်သည်များက ရောင်းလိုအားပြတ်လပ်မှုကြောင့် ကြက်သွန်နီဈေးနှုန်းများ ရုတ်တရက်မြင့်တက်လာခြင်းအတွက် အပြစ်တင်လျှက်ရှိကြောင်း The Economic Times သတင်းစာတွင် ဖော်ပြထားပါသည်။

ကြက်သွန်နီ ကုန်သည်များ၏ ပြောကြားချက်အရ Navratri ပွဲတော်မတိုင်မီက ကြက်သွန်နီ ဈေးနှုန်းမှာ တစ်ကီလိုလျှင် ၂၅ ရူပီး မှ ၃၀ ရူပီးအကြားသာ ရှိခဲ့ပြီး သုံးရက်အတွင်း တစ်ကီလိုလျှင် ၅၅ ရူပီး မှ ၆၀ ရူပီးအထိ မြင့်တက်ခဲ့ပြီး လက်လီဈေးကွက်တွင် တစ်ကီလိုလျှင် ၆၅ ရူပီးမှ ၇၀ ရူပီး အထိ ရောင်းချနေရကြောင်း သိရသည်။

လက်ရှိတွင် ဒေလီမြို့၏ ကြက်သွန်နီလက်လီဈေးနှုန်းသည် မဟာရက်ရှ်ထရာနှင့် မဒ္ဒရာပရာဒက်ရှ် ပြည်နယ်ကဲ့သို့သော ကြက်သွန်နီအဓိကထွက်ရှိသည့် ပြည်နယ်များမှ ကြက်သွန်နီ အသစ်များ ဈေးကွက်ဝင်ရောက်ရန် နှောင့်နှေးမှုများကြောင့် တစ်ကီလိုလျှင် ရူပီး ၄၀ မှ နှစ်ပတ် အတွင်း တစ်ကီလိုလျှင် ရူပီး ၆၀ သို့မြင့်တက်ခဲ့ကြောင်း စားသုံးသူရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူ အရာရှိကြီးတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ကြက်သွန်နီ ၁ ကီလိုလျှင် ရူပီး ၂၀ နှင့် အစောပိုင်းက ရရှိခဲ့သော်လည်း ယခုအခါ တစ်ကီလိုလျှင် ၅၀ မှ ၆၀ ရူပီးအထိ ဈေးတက်လာကြောင်း၊ ယခုအတိုင်းဆက်လက် ဈေးမြင့်တက်မည်ဆိုပါက နေ့စဉ်မိသားစုကုန်ကျစရိတ်အပေါ် သက်ရောက်မှုများရှိလာမည်ဟု ဈေးဝယ်သူတဦးက ပြောကြားထားသည်။ Ghazipur ဈေးမှ ဟင်းသီးဟင်းရွက်ရောင်းသူ တစ်ဦးကလည်း ဈေးကွက်အတွင်း ဝယ်လိုအားကို ပြည့်မီအောင် ဖြည့်ဆည်းပေးနိုင်ခြင်းမရှိပါက ကြက်သွန်နီဈေးနှုန်းသည် မကြာမီ တစ်ကီလိုလျှင် ၁၀၀ ရူပီးသို့ ရောက်ရှိလာနိုင်ကြောင်း၊ ခရမ်းချဉ်သီး ဈေးနှုန်းမှာလည်း အစောပိုင်းက တစ်ကီလိုလျှင် ၂၀ ရူပီးခန့်သာရှိသော်လည်း ယခုအခါ တစ်ကီလိုလျှင် ၃၀ ၊ ၄၀ ရူပီးခန့်ရှိကြောင်းနှင့် ယခုအတိုင်း ဆက်လက်မြင့်တက်နေပါက ခရမ်းချဉ်သီးဈေးနှုန်းသည်လည်း မကြာမီ တစ်ကီလိုလျှင် ၁၀၀ ရူပီးခန့်သို့ ရောက်ရှိလာနိုင်သည်ဟု ပြောကြားထားသည်။

အာလူးနှင့် ကြက်သွန်နီ လက်ကားရောင်းချသူ Shamstabrej Raine က Navratri ပွဲတော်ချိန်မှစပြီး ကြက်သွန်နီဈေးနှုန်းများ မြင့်တက်လာကြောင်း၊ ပွဲတော်ကာလတွင် ကြက်သွန်နီ အဟောင်းမှာ ဈေးကွက်အတွင်းအနည်းငယ်သာကျန်ရှိပြီး ကြက်သွန်နီအသစ်မှာလည်း ဈေးကွက်

အတွင်း ရောက်ရှိမှုနောက်ကျသည့်အတွက် Navratri ပွဲတော်အပြီးတွင် ဈေးမြင့်တက်လေ့ရှိကြောင်း၊ ကြက်သွန်နီ တစ်ကီလိုကို ၅၀ မှ ၆၀ ရူပီး လက်ကားဈေးနှုန်းဖြင့် ချောင်းချလျက်ရှိပြီး သယ်ယူစရိတ်မှာ တစ်ကီလိုလျှင် ၅ ရူပီးခန့်ရှိသဖြင့် ပြင်ပလက်လီဈေးကွက်တွင် တစ်ကီလိုကို ၇၀ ရူပီးခန့်ဖြင့် ရောင်းချကြသောကြောင့် ဈေးနှုန်းကြီးမြင့်လာခြင်းဖြစ်ကြောင်း ပြောကြားထားသည်။

ဝန်ကြီးဌာန သတင်းရင်းမြစ်များအရ အစိုးရက ကြက်သွန်နီ မက်ထရစ်တန်ချိန် ၅ သိန်းကျော် ဝယ်ယူထားပြီး လာမည့်ရက်များတွင် နောက်ထပ် မက်ထရစ်တန် ၃ သိန်း ဝယ်ယူရန် စီစဉ်ထားကြောင်းနှင့် ယင်းစီမံဆောင်ရွက်ချက်များသည် ကြက်သွန်နီဈေးကွက်ကို ထိန်းချုပ်နိုင်ရေး အကူအညီဖြစ်စေမည်ဖြစ်ကြောင်း သိရှိရသည်။

ဒေလီ၊ ဟာရီနာ၊ ကာနတက၊ အိုဒီရှား၊ တမီလ်နာဒူး၊ ဥတ္တာပရာဒက်ရှ်၊ ချန်ဒီဂါ၊ အနောက်ဘင်္ဂလား၊ တယ်လန်ဂါနာ၊ ဥတ္တာရခန်၊ ဘီဟာနှင့် အာသံပြည်နယ်တို့တွင် အစိုးရက ကြက်သွန်နီ မက်ထရစ်တန် ၁.၇၄ သိန်းကျော်ကို ဖြန့်ဝေပေးခဲ့သဖြင့် လာမယ့်ရက်များတွင် ကြက်သွန်နီဈေးနှုန်းများ ကျဆင်းလာမည်ဖြစ်ကြောင်းနှင့် ဈေးကွက်အတွင်း ကြက်သွန်နီ ဝင်ရောက်မှုကျဆင်းသောကြောင့် လက်လီဈေးနှုန်း ကမောက်ကမ ဖြစ်နေသည့်အတွက် တစ်ကီလိုလျှင် ၁၀၀ ကျော်သွားသည့်တိုင် ၂၀၂၁ ခုနှစ် ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက များစွာသက်သာနေမည်ဖြစ်ကြောင်း အစိုးရအရာရှိတစ်ဦးက ပြောကြားထားသည်။

သို့ဖြစ်ပါ၍ အိန္ဒိယနိုင်ငံသည် ပွဲတော်ကာလအတွင်း ဝယ်လိုအားမြင့်တက်မှုကြောင့် အခြေခံစားသောက်ကုန်ဈေးနှုန်းများ မြင့်တက်မည်ကိုစိုးရိမ်သဖြင့် ကြိုတင်ပြင်ဆင်မှုများ များစွာဆောင်ရွက်ခဲ့သော်လည်း လက်တွေ့တွင် ကုန်ဈေးနှုန်းအား ထိန်းချုပ်နိုင်ရန် အခက်အခဲများစွာ ရှိသည်ကို တွေ့ရှိရမှုအခြေအနေအား သိရှိနိုင်ပါရန်တင်ပြအပ်ပါသည်။

Source: Onion prices Soar in Delhi, Traders blame it on supply shortage, The Economic Times.

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး
နယူးဒေလီမြို့

……………………………………………………………………………………..

Agribusiness & Trade

## အိန္ဒိယအစိုးရသည် ကြက်သွန်နီ၏ အနိမ့်ဆုံးပို့ကုန်စျေးနှုန်း (Minimum Export Price-MEP) ကို ၁ တန်လျှင် အမေရိကန်ဒေါ်လာ ၈၀၀ သတ်မှတ်

အိန္ဒိယအစိုးရသည် ပြည်တွင်းစျေးကွက်၌ ကြက်သွန်နီလုံလောက်စွာရရှိနိုင်ရန် ရည်ရွယ်၍ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ကြက်သွန်နီ၏ အနိမ့်ဆုံးပို့ကုန်စျေးနှုန်း (Minimum Export Price-MEP) ကို ၁ တန်လျှင် အမေရိကန်ဒေါ်လာ ၈၀၀ စတင်သတ်မှတ်ခဲ့ကြောင်း သိရသည်။

အိန္ဒိယအစိုးရက ယခုလ ၂၉ ရက်နေ့မှစတင်၍ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ကြက်သွန်နီ၏ FOB စျေးနှုန်းကို ၁ တန်လျှင် အမေရိကန်ဒေါ်လာ ၈၀၀ သို့ ကြမ်းခင်းစျေး သတ်မှတ်လိုက်ကြောင်း ယခုလ ၂၈ ရက်နေ့က အမိန့်ကြော်ငြာစာထုတ်ပြန်ကြေညာခဲ့သည်။ ယင်းသို့ အနိမ့်ဆုံးပို့ကုန်စျေးနှုန်း (Minimum Export Price-MEP) သတ်မှတ်ပြဋ္ဌာန်းရခြင်းသည် ကြက်သွန်နီကို ပြည်တွင်း၌ လုံလုံလောက်လောက်ရရှိနိုင်ရန်နှင့် ၎င်း၏စျေးနှုန်းကို စောင့်ကြည့် ထိန်းချုပ်နိုင်ရန်ဖြစ်ကြောင်း အိန္ဒိယစားသုံးသူရေးရာဦးစီးဌာနက ပြောကြားခဲ့သည်။

၂၀၂၃ ခုနှစ် ဆောင်းသီးနှံ ကြက်သွန်နီလက်ကျန်များ အလျင်အမြန်လျော့ကျလာနေသည့်အတွက် အစိုးရအနေဖြင့် ကြက်သွန်နီ ပြည်ပတင်ပို့မှုများလျှော့ချခြင်းဖြင့် ပြည်တွင်းစားသုံးသူများ သက်သက်သာသာ ဝယ်ယူရရှိနိုင်စေရန် လိုလားလျက်ကြောင်းနှင့် ၎င်းကို ၁ ကီလိုဂရမ်လျှင် ရူပီး ၆၇ အောက်စျေးနှုန်းဖြင့် တင်ပို့ခွင့်ပြုမည်မဟုတ်ကြောင်း အစိုးရ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံခြားကုန်သွယ်မှုညွှန်ကြားမှုဦးစီးဌာန (Directorate General of Foreign Trade) က ထုတ်ပြန်ခဲ့သော အမိန့်ကြော်ငြာစာတွင် အမိန့်ကြော်ငြာစာထုတ်ပြန်ကြေညာသည့် နေ့ရက်အချိန်မတိုင်မီက အကောက်ခွန်ဌာနသို့ ရောက်ရှိပြီး၊ ၎င်း၏ အီလက်ထရောနစ်စနစ်တွင် မှတ်ပုံတင်ထားရှိပြီးသော ကြက်သွန်နီပို့ကုန်များကိုသာ တင်ပို့ခွင့်ပြုသွားမည်ဖြစ်ကြောင်း၊ သို့သော် အဆိုပါ ပို့ကုန်များကို နိုဝင်ဘာလ ၃၀ ရက်နေ့ မတိုင်မီ အပြီးတင်ပို့ရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ထို့အပြင် အဆိုပါ အမိန့်ကြော်ငြာစာမထုတ်ပြန်မီက ပေးဆောင်ထားပြီးဖြစ်သော ပို့ကုန်ခွန်များကို ပြန်လည်ထုတ်ယူခွင့်မရှိကြောင်း ဖော်ပြထားသည်။ ကြက်သွန်နီတင်ပို့သူများ အနေဖြင့် ယခု MEP စျေးနှုန်းကို သတ်မှတ်ပြဋ္ဌာန်းလိုက်သည့်အချိန်မှစတင်၍ ပြီးခဲ့သည့် ဩဂုတ်လက သတ်မှတ်ခဲ့သော ပို့ကုန်ခွန် ၄၀ ရာခိုင်နှုန်းကို ပေးဆောင်ရန်မလိုအပ်တော့ဟု သိရသည်။ ယင်းသို့ အစိုးရက ကြက်သွန်နီ ပို့ကုန်ခွန်သတ်မှတ်ခဲ့သည့်အပေါ် ကုန်သည်များက မကျေနပ်သည့်အတွက် မဟာရာရှ

ထရာပြည်နယ် Nashik ခရိုင်နှင့် အခြားဒေသများ၌ ဆန္ဒပြတောင်းဆိုမှုများ ဖြစ်ပေါ်ခဲ့ကြောင်း အဆိုပါအစိုးရတာဝန်ရှိသူက ပြောကြားခဲ့သည်။

ထို့အပြင် အိန္ဒိယအစိုးရသည် NAFED နှင့် NCCF စသည့် သမဝါယမအသင်းများကိုလည်း မူလက ကြက်သွန်နီ တန်ချိန် ၅ သိန်းဝယ်ယူပြီးသည့်အပြင် နောက်ထပ်ကြက်သွန်နီတန်ချိန် ၂ သိန်း အား ထပ်မံဖြည့်တင်း ဝယ်ယူခိုင်းထားကြောင်း အိန္ဒိယစားသုံးသူရေးရာဦးစီးဌာန၏ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားကြောင်း သိရသည်။

အစိုးရမှ အရန်သိုလှောင်ထားသော ကြက်သွန်နီများကို ဩဂုတ်လ ဒုတိယပတ်မှစတင်၍ နိုင်ငံတစ်ဝှမ်းရှိ အဓိကစားသုံးမှုဗဟိုဌာနများဆီသို့ ပေးပို့ခဲ့ပြီးဖြစ်သကဲ့သို့ NAFED နှင့် NCCF သမဝါယမအသင်းများ၏ ကြီးကြပ်စီစဉ်မှုဖြင့် စားသုံးသူများအား ကြက်သွန်နီ ၁ ကီလိုဂရမ်လျှင် ၂၅ ရူပီးဖြင့် သတ်မှတ်ထားသောနေရာများတွင် မော်တော်ကားများဖြင့်သွားရောက်၍ လက်လီရောင်းချပေးခဲ့ကြောင်း သိရသည်။

ယင်းသို့ အစိုးရက ကြက်သွန်နီကို မပြတ်ဝယ်ယူ၍ သိုလှောင်ဖြန့်ချိရောင်းချပေးခြင်းအားဖြင့် စားသုံးသူများအနေဖြင့် ဈေးနှုန်းသင့်တင့်မျှတစွာဝယ်ယူရရှိနိုင်စေနိုင်သလို ကြက်သွန်နီ တောင်သူများကိုလည်း သင့်တင့်မျှတသောဈေးနှုန်းကို ရရှိစေကြောင်း သိရသည်။ အစိုးရအနေဖြင့် ဒေဝါလီပွဲတော်ရာသီဖြစ်သော နိုဝင်ဘာလအတွင်း ကြက်သွန်နီလက်ကားနှင့် လက်လီဈေးကွက်များ၌ ကုန်လက်ကျန်လုံလုံလောက်လောက်ရရှိရန်နှင့် ဝယ်လာအားမြင့်တက်လာမှုကြောင့် ဈေးနှုန်းများကြီးမြင့်လာခြင်းရှိ/မရှိကို စောင့်ကြည့်လျက်ရှိသည်ဟု အိန္ဒိယ စားသုံးသူရေးရာဦးစီးဌာန၊ အတွင်းဝန် Rohit Kumar Singh က ယခုလ ၂၆ ရက်နေ့က ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တော်အနီးတစ်ဝိုက်နှင့် မြောက်ပိုင်းပြည်နယ် မြို့ကြီးများတွင် Navratri ပွဲတော်အပြီး ၁၀ ရက်အတွင်း ကြက်သွန်နီဈေးနှုန်းများ ၂၅ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရသည်။ ယခုအခါ ကြက်သွန်နီကို ၁ ကီလိုဂရမ်လျှင် ရူပီး ၆၀ သို့မဟုတ် ၇၀ ခန့်ဖြင့် လက်လီရောင်းချလျက်ရှိကြောင်း သိရသည်။

## သုံးသပ်တင်ပြချက်

ကြက်သွန်နီသည် အိန္ဒိယပြည်သူများ အဓိကစားသုံးသော စားဖိုဆောင်သီးနှံတစ်ခုဖြစ်ပြီး၊ နိုင်ငံရေးနှင့်ပတ်သက်၍ ထိလွယ်ရှလွယ်သီးနှံတစ်ခုဖြစ်ကြောင်း သိရပါသည်။ ထို့ကြောင့် အိန္ဒိယ အစိုးရအနေဖြင့် ၎င်း၏ ကုန်လက်ကျန်အခြေအနေနှင့် ပြည်တွင်းဈေးနှုန်းများ တည်ငြိမ်မှုရှိရန် ဂရုပြု၍ စောင့်ကြည့်ထိန်းချုပ်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း ကြက်သွန်နီကို ပြည်တွင်း၌ စားသုံးသကဲ့သို့ ပြည်ပသို့တင်ပို့ရောင်းချမှုရှိကြောင်းသိရပါသဖြင့် အိန္ဒိယနိုင်ငံ

Agribusiness & Trade

၏ ကြက်သွန်နီဈေးကွက်တွင် လတ်တလောဖြစ်ပေါ်လျက်ရှိသည့် အခြေအနေကို သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

**ရည်ညွှန်းချက်။** The Hindu Businessline သတင်းဌာန၊ “India sets $800 Minimum Export Price for onions to stabilise domestic market”၊

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး
ကော်လ်ကတ္တား

---

## ထိုင်းနိုင်ငံ သကြားစိုက်တောင်သူများက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် တွေ့ဆုံဆွေးနွေးလိုကြောင်း ပြောကြား

ထိုင်းနိုင်ငံအတွင်း မြင့်တက်လာသည့် သကြားဈေးနှုန်းကို ပြင်ဆင်သည့် အစိုးရ၏ ဆုံးဖြတ်ချက်ကြောင့် ကြံစိုက်တောင်သူများက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးနှင့် တွေ့ဆုံလိုခြင်းဖြစ်ကြောင်း သိရှိရပါသည်။

တောင်သူများက သကြားဈေးနှုန်းကို ထိန်းချုပ်ရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးခံစားရမည့်သူများကို သိလိုကြကြောင်း၊ စက်ရုံထုတ်သကြားဈေးနှုန်းကို ထိန်းချုပ်လိုက်ပါက အကျိုးခံစားခွင့်ရရှိမည့်သူများသည် သကြားကို ကုန်ကြမ်းအဖြစ် အသုံးပြုသည့် စီးပွားရေးလုပ်ငန်းများပင်ဖြစ်ကြောင်း၊ ကမ္ဘာ့သကြားထုတ်လုပ်မှုနှင့် တင်ပို့မှုတွင် အကြီးဆုံးနိုင်ငံများထဲမှဖြစ်သော ဘရာဇီးနိုင်ငံက ထိုင်းနိုင်ငံအစိုးရသည် ကြံစိုက်ပျိုးရေးနှင့် သကြားထုတ်လုပ်မှုတွင် တရားမမျှတစွာ ထောက်ပံ့နေသည်ဟု ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ တိုင်ကြားခဲ့ပြီးနောက် ထိုင်းနိုင်ငံသည် ၂၀၁၈ ခုနှစ်တွင် ဈေးကွက်မှ သကြားဈေးနှုန်းသတ်မှတ်ရန် ဆုံးဖြတ်ခဲ့ကြောင်း၊ ဈေးကြီးသော ဓာတ်မြေဩဇာကြောင့် စိုက်ပျိုးစရိတ်များ ကြီးမြင့်လာသော်လည်း ထိုအချိန်က နိမ့်ကျနေသည့် ကမ္ဘာ့ဈေးကွက် သကြားဈေးကို တောင်သူများက လိုက်နာကြကြောင်း ထိုင်းနိုင်ငံ ကြံစိုက်ပျိုးသူများအသင်း၏ ဥက္ကဋ္ဌဖြစ်သူ Mr. Narathip Anantasuk က ပြောကြားခဲ့ပါသည်။

ယခုအခါတွင် ကမ္ဘာ့သကြားဈေးနှုန်းသည် ၁ ကီလိုဂရမ်လျှင် ၂၇-၂၈ ဘတ် ဖြစ်နေပါကြောင်း၊ ထိုင်းအစိုးရက ပြည်တွင်းသကြားဈေးကို အနိမ့်တွင်ထားရန် ကြိုးစားနေပါကြောင်း၊ ယင်းသို့ဆောင်ရွက်နေခြင်းသည် တောင်သူများအပေါ် မမျှတပါကြောင်း၊ ဈေးကွက်နည်းလမ်းကို နှောင့်ယှက်သည့်ပုံစံမျိုး ဖြစ်နေပါကြောင်း၊ နိုင်ငံတစ်ဝှမ်းရှိ ကြံစိုက်တောင်သူများအား အစိုးရ၏ ဆောင်ရွက်ချက်အပေါ် တုန့်ပြန်သွားရန် ပြောကြားလိုကြောင်း ၎င်းက ဆက်လက်ပြောကြားပါသည်။

စိုက်ပျိုးစရိတ် ကြီးမြင့်လာသည့်အပေါ် ရုန်းကန်နေရသည့် တောင်သူများ၏ ခံစားချက်များကို မျှဝေလိုပါကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့်လည်း ပြည်သူများအတွက် လိုအပ်သော ကုန်ပစ္စည်းများ၏ စျေးနှုန်းများ ပြင်ဆင်ရန် လိုအပ်သည်ကို နားလည်ပါကြောင်း၊ စက်မှုဝန်ကြီးဌာနက တောင်သူများ၏ ဒုက္ခများ ဖြေလျှော့စေမည့်နည်းလမ်းများ ရှာဖွေသွားမည်ဖြစ်ကြောင်း စက်မှုဝန်ကြီးဌာန ဝန်ကြီး Ms. Pimphattra Wichaikul က ဖြည့်စွက်ပြောကြားပါသည်။

တောင်သူများကို လျော်ကြေးပေးနိုင်ရေးအတွက် ထည့်သွင်းစဉ်းစားရန် အစိုးရအဖွဲ့က သဘောတူခဲ့ပါကြောင်း အစိုးရ၏ ဒုတိယပြောရေးဆိုခွင့်ရှိသူ Mr. Rudklao Suwankiri က ပြောကြားပါသည်။

မိုးရွာသွန်းမှုလျော့နည်းလာခြင်းကြောင့် ၂၀၂၃-၂၀၂၄ ကြံစိုက်ပျိုးရာသီတွင် ကြံအထွက်နှုန်းလျော့နည်းနိုင်ကြောင်း၊ စိုက်ကေနည်းပါးသော တောင်သူများ၏ ဝင်ငွေသာမက နိုင်ငံ၏ သကြားထုတ်လုပ်မှုနှုန်းကိုလည်း ထိခိုက်နိုင်ကြောင်း ထိုင်းစက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်က ခန့်မှန်းထားပါသည်။

Source: [www.bangkokpost. gov](www.bangkokpost.gov)

သီတာဝင်း၊ စီးပွားရေးသံမှူး
ဗန်ကောက်မြို့

…………………………………………………………………………………..

## ထိုင်းနိုင်ငံ၌ သကြားဈေးနှုန်းများ ထိန်းညှိသွားနိုင်ရေးအဆိုပြုချက်အပေါ် ကုန်စည်နှင့် ဝန်ဆောင်မှု များ၏ ဈေးနှုန်းဗဟိုကော်မတီခွင့်ပြုခဲ့

ထိုင်းနိုင်ငံ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးဦးဆောင်သည့် ကုန်စည်နှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဗဟိုကော်မတီက စားသုံးသူများအပေါ် သက်ရောက်မှု လျော့ပါးစေရေးအတွက် သကြားဈေးနှုန်းများကို ထိန်းညှိရန် သဘောတူညီခဲ့ပါကြောင်း၊ သကြားပို့ကုန်ကို တင်းကျပ်နေစဉ်ကာလအတွင်း စက်ရုံထွက် သကြားကြမ်း ၁ ကီလိုဂရမ်လျှင် ၁၉ ဘတ်နှင့် သန့်စင်ပြီး သကြား ၁ ကီလိုဂရမ်လျှင် ၂၀ ဘတ် သတ်မှတ်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

သကြား ၁ ကီလိုဂရမ်ထက်ကျော်လွန်တင်ပို့မည်ဆိုပါက ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူရန် လိုအပ်ကြောင်း၊ သကြားဈေးနှုန်းသည် ၁ ကီလိုဂရမ်လျှင် ၄ ဘတ် မြင့်တက်ခဲ့သည်ဟု ကြံနှင့်သကြား ဘုတ်အဖွဲ့က ကြေညာချက်ကြောင့် ကော်မတီ၏ ဆုံးဖြတ်ချက်ပေါ်ထွက်လာခြင်းဖြစ်ကြောင်း၊ မိုးခေါင်မှုကြောင့် ကြံဈေးမြင့်တက်ခဲ့ပြီး ထုတ်လုပ်သူများ၏ ထုတ်လုပ်မှုကုန်ကျစရိတ် မြင့်

တက်ခြင်းဖြစ်ကြောင်း၊ ကြံနှင့်သကြားဘုတ်အဖွဲ့၏ ဆုံးဖြတ်ချက်ကြောင့် စက်ရုံထွက်သကြားကြမ်း ဈေးနှုန်းမှာ ၁ ကီလိုဂရမ်လျှင် ၂၃ ဘတ်နှင့် သန့်စင်ပြီး သကြားဖြူဈေးနှုန်းမှာ ၁ ကီလိုဂရမ်လျှင် ၂၄ ဘတ် ဖြစ်ကြောင်း၊ သကြားကြမ်းနှင့် သန့်စင်ပြီး သကြားတို့၏ လက်လီဈေးနှုန်းမှာ ၂၈ ဘတ်နှင့် ၂၉ ဘတ် အသီးသီးဖြစ်ကြောင်း သိရှိရပါသည်။

သကြားဈေးမြင့်တက်ခဲ့ခြင်းကြောင့် သကြားကို ပါဝင်ပစ္စည်းအဖြစ် အသုံးပြုသော အချိုရည်၊ အသီးဖျော်ရည်၊ စွမ်းအားဖြည့် အချိုရည်နှင့် နို့ထွက်ပစ္စည်း၊ မုန့်မျိုးစုံတို့၏ ဈေးနှုန်းအပေါ် သက်ရောက်နိုင်ကြောင်း၊ နေထိုင်မှုကုန်ကျစရိတ်ကိုလည်း မြင့်တက်စေကြောင်း၊ ကြံအဓိက စိုက်ပျိုးထုတ်လုပ်သည့် ဒေသများတွင် ရေပြတ်လပ်မှုကြောင့် ၂၀၂၃–၂၄ ကြံစိုက်ပျိုးရာသီတွင် တန်ချိန် သန်း ၈၀ အထိ ကျဆင်းနိုင်ကြောင်း၊ ၂၀၂၄ ခုနှစ်တွင် သကြားတင်ပို့မှုသည် တန်ချိန် ၆ သန်းထိကျဆင်းနိုင်ကြောင်း ထိုင်းနိုင်ငံ ကြံစိုက်ပျိုးသူများအသင်း၏ ထုတ်ပြန်ချက်အရ သိရှိရပါသည်။

Source: [www.bangkokpost. gov](www.bangkokpost. gov)

သီတာဝင်း၊ စီးပွားရေးသံမှူး

ဗန်ကောက်မြို့

.................................................................................................

## ထိုင်းနိုင်ငံ၌ လယ်ယာထွက်ကုန်ပစ္စည်းများ၏ ဈေးနှုန်းတည်ငြိမ်ရေးအတွက် စီမံဆောင်ရွက်သွားမည် ဖြစ်

ဈေးကွက်အတွင်းသို့ ဝင်ရောက်ရန် အဆင်သင့်ဖြစ်နေပြီဖြစ်သော ဆန်၊ ပီလောပီနံ၊ တိရစ္ဆာန်အစာပြောင်းနှင့် ဆီအုန်းအပါအဝင် အဓိက လယ်ယာထွက်ကုန်များ၏ ဈေးနှုန်းများ တည်ငြိမ်စေရေးအတွက် စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆောင်ရွက်မည့် အစီအမံများနှင့်စပ်လျဉ်း၍ နိုဝင်ဘာလအတွင်း အစိုးရအဖွဲ့အစည်းအဝေး၌ တင်ပြခွင့်ပြုချက်ရယူသွားမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်း ဝန် Mr. Keerati Rushchano က ပြောကြားခဲ့ပါသည်။

ဆန်၊ ပီလောပီနံ၊ တိရစ္ဆာန်အစာပြောင်းနှင့် ဆီအုန်းအပါအဝင် အဓိက လယ်ယာထွက်ကုန်များ စိုက်ပျိုးသော လယ်သမားများကိုလည်း ဈေးကွက်အတွင်းသို့ ဝင်ရောက်ချိန်တွင် ဈေးနှုန်းတည်ငြိမ်မှုအတွက် စိတ်ပူပန်ရန်မလိုကြောင်း အသိပေးထားပြီးဖြစ်ကြောင်း၊ ဝင်ငွေအာမခံ သို့မဟုတ် ကတိကဝတ် နည်းလမ်းများ ကဲ့သို့သော အထောက်အပံ့ပေးသည့် အစီအစဉ်များ ရေရှည်တွင် မဆောင်ရွက်နိုင်သော်လည်း အဆိုပါ ထုတ်ကုန်များအတွက် ဈေးနှုန်းတည်ငြိမ်ရေးကိုမူ စီစဉ်ထားပါကြောင်း၊ သီးနှံတစ်ခုချင်းစီ၏ ကော်မတီအသီးသီးမှ အဆိုပြုလာခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားပါသည်။

ဈေးကွက်အတွင်းသို့ ဝင်ရောက်လာတော့မည့် ဆန်ထုတ်ကုန်များနှင့်စပ်လျဉ်း၍ တောင်သူများ၏ အကြံပြုချက်များကို နားထောင်ရန်အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးသည် တောင်သူကိုယ်စားလှယ်များနှင့် တွေ့ဆုံခဲ့ပါကြောင်း၊ အကြံပြုချက်များကို နိုင်ငံဆန်မူဝါဒနှင့် စီမံခန့်ခွဲရေးကော်မတီသို့ တင်ပြသွားမည်ဖြစ်ကြောင်း၊ စပါးများကို စပါးကျီများတွင် သိုလှောင်၍ နောက်ကျမှ ရောင်းချရန် သဘောတူသည့် တောင်သူများအား အထူးငွေကြေးအထောက်အပံ့နှင့် အတိုးနှုန်းအထောက်အပံ့များ ပေးသွားမည်ဖြစ်ကြောင်း အမြဲတမ်းအတွင်းဝန်က ရှင်းလင်း ပြောကြားပါသည်။

ပီလောပီနံထုတ်ကုန်များအတွက် သိုလှောင်ရန် ချေးငွေထုတ်ပေးခြင်းနှင့် အတိုးနှုန်းလျော့ကြေးများ ပေးသွားမည်ဖြစ်ကြောင်း၊ တိရစ္ဆာန်အစာပြောင်းအတွက်လည်း အလားတူပင်ဖြစ်ကြောင်း၊ ပြည်တွင်းစားအုန်းဆီကြွမ်း သိုလှောင်မှုသည် တန် ၃၀၀,၀၀၀ ထက်ကျော်လွန်နေပြီး ဈေးနှုန်းသည် ကမ္ဘာ့ဈေးကွက်ဈေးနှုန်းထက် မြင့်မားနေပါက အမျိုးသားစားအုန်းဆီမူဝါဒနှင့် စီမံခန့်ခွဲမှုကော်မတီသည် ပိုလျှံစားအုန်းဆီများအတွက် ၁ ကီလိုဂရမ်လျှင် ၂ ဘတ်ပေးဆောင်ရန် (တန် ၂၀၀,၀၀၀ လျာထား) သဘောတူထားသူများအတွက် လျော်ကြေးကဲ့သို့သော စားအုန်းဆီစီမံခန့်ခွဲမှုကို ထောက်ပံ့ပေးရန် လျာထားပါကြောင်း၊ ယင်းအစီအမံများသည် စားအုန်းဆီကို အစားထိုး စွမ်းအင်အရင်းအမြစ်အဖြစ် မြှင့်တင်ပေးခြင်းဖြစ်ကြောင်းကို ကော်မတီတွင် တင်ပြသွားမည် ဖြစ်ကြောင်း Mr. Keerati Rush-chano က ဖြည့်စွက်ရှင်းလင်းပါသည်။

Source: www.bangkokpost. gov

သီတာဝင်း၊ စီးပွားရေးသံမှူး

ဗန်ကောက်မြို့

........................................................................................................................................

## ထိုင်းနိုင်ငံ၌ ဆန်စပါးဈေးနှုန်းတည်ငြိမ်စေရေးအတွက် အစီအမံများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြောကြား

၂၀၂၃-၂၀၂၄ စပါး စိုက်ပျိုးရာသီတွင် ဆန်ဈေးနှုန်း တည်ငြိမ်စေရေးအတွက် ဘတ် ၆၉ ဘီလီယံရှိသော အစီအမံများကို နိုင်ငံအဆင့် ဆန်မူဝါဒကော်မတီ **(National Rice Policy Committee – NRPC)** သို့ တင်ပြသွားမည်ဖြစ်ကြောင်း၊ ဆန်အစုလိုက်အပြုံလိုက်ထွက်ရှိသော ကာလအတွင်း ဆန်တန်ချိန် ၁၄ သန်းအတွက် အဆိုပြုခြင်းဖြစ်ကြောင်း ထိုင်းနိုင်ငံ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့ပါသည်။

ယင်းအစီအမံများတွင် နောက်ကျရောင်းချမှုအတွက် ချေးငွေထုတ်ပေးခြင်း၊ ဆန်စုစည်းခြင်း၊ စတော့ခ်ကိုင်ဆောင်ထားမှုအတွက် လျော်ကြေးပေးခြင်း နှင့် တောင်သူများအား ၁ ကေလျှင် ဘတ်

၁,၀၀၀ ပေးခြင်းတို့ပါဝင်ပြီး အိမ်ထောင်စု ၄.၆၈ သန်းအတွက် အကျိုးရှိစေပါကြောင်း၊ လာမည့် စိုက်ပျိုးရာသီတွင်အတွက် ရည်ရွယ်ပါကြောင်း၊ အဆိုပြုချက်တွင် သိုလှောင်မှုအတွက် ၁ တန်လျှင် ၁,၅၀၀ ဘတ် အပါအဝင် ဘတ်ငွေ ၁၀.၁ ဘီလီယံဖြင့် ဆန်တန်ချိန် ၃ သန်း၏ နောက်ကျ ရောင်းချမှုအတွက် ချေးငွေပါဝင်ကြောင်း၊ စပါးများကို တောင်သူများ၏ ကျီများတွင် အောက်တိုဘာ ၁ ရက်နေ့မှ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၂၉ ရက်နေ့အထိ ၁-၅ လ အကြာ သိုလှောင်ထားရန် မှန်းထားပါကြောင်း၊ တောင်သူများသည် စိုက်ပျိုးရေးနှင့် စိုက်ပျိုးရေးသမဝါယမဘဏ်မှ ချေးငွေရယူရန် ယင်းစပါးများကို အပေါင် အဖြစ်အသုံးပြုနိုင်ပါကြောင်း ဒုတိယဝန်ကြီးချုပ် **Mr. Phumtham Wechayachai** က ရှင်းလင်းပြောကြားပါသည်။

ဘတ် ၄၈၁ သန်းဖြင့် ဆန် တန်ချိန် ၁ သန်းအတွက် စုဆောင်းခြင်းနှင့် တန်ဖိုးတိုးမြှင့်ခြင်းအတွက် ချေးငွေထုတ်ပေးမည် ဖြစ်ကြောင်း၊ ဆန်တန်ချိန် ၁၀ သန်းကို ဘတ်ဂျက် ၂.၁၂ ဘီလီယံဖြင့် ကာမိစေရန် ရည်ရွယ်၍ ဝယ်ယူထားသော ဆန်စပါးဝယ်ယူသည့် လုပ်ငန်းရှင်များအား အတိုးနှုန်း လျော့ကြေးပေးမည် ဖြစ်ကြောင်း၊ နိုင်ငံတော်က ပစ္စည်းသိုလှောင်ကာလ ၂-၆ လအတွက် အတိုးနှုန်း ၄ ရာခိုင်နှုန်း ထောက်ပံ့ပေးမည်ဖြစ်ကြောင်း၊ ဝယ်ယူမည့်ကာလမှာ နိုဝင်ဘာလ ၁ ရက်နေ့မှ ၂၀၂၄ ခုနှစ် မတ်လ ၃၁ ရက်နေ့အတွင်း ဖြစ်ကြောင်း၊ ထို့ပြင် နိုင်ငံတော်က အိမ်ထောင်စု ၁ စုလျှင် ဧက ၂၀ ထက် မပိုစေဘဲ ၁ ဧကလျှင် ဘတ် ၁,၀၀၀ (အများဆုံး ဘတ် ၂၀,၀၀၀) ထောက်ပံ့ရန် အိမ်ထောင်စု ၄.၆၈ သန်းအတွက် ဘတ် ၅၆.၃ ဘီလီယံ လျာထားကြောင်း ဒုတိယဝန်ကြီးချုပ်က ဖြည့်စွက်ပြောကြားပါသည်။

ဖော်ပြပါ အစီအမံ ၄ ခုသည် ဆန်စပါး စျေးနှုန်း တည်ငြိမ်စေရေးအတွက် အစိုးရ၏ အရေးပေါ်မဟာဗျူဟာများဖြစ်ကြောင်း၊ အစိုးရအနေဖြင့် ဆန်ဝယ်ယူရေးကတိကဝတ်နှင့် ဝင်ငွေရရှိရေးအတွက် မူဝါဒဆောင်ရွက်မှုများ မပါဝင်ဘဲ တောင်သူလယ်သမားများအတွက် ဆန်စပါးစျေးနှုန်းအပေါ် စီမံခန့်ခွဲရာတွင် ယုံကြည်မှုရှိပါကြောင်း ဒုတိယဝန်ကြီးချုပ်က ပြောကြားခဲ့ပါသည်။

၂၀၂၃-၂၀၂၄ စပါး စိုက်ပျိုးရာသီအတွက် ခန့်မှန်း ဆန်စပါးထွက်ရှိမှုမှာ တန်ချိန် ၃၂ သန်း ဖြစ်ကြောင်း၊ အဓိက ရာသီတွင် တန်ချိန် ၂၅.၆ သန်း နှင့် ရာသီပိတ်ချိန်တွင် တန်ချိန် ၆.၇၈ သန်း ဖြစ်ကြောင်း ပြည်တွင်းကုန်သွယ်မှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် **Wattanasak Suriam** က ဖြည့်စွက်ပြောကြားပါသည်။

ဆန်စပါးအများအပြားထွက်ရှိသည့် ရာသီတွင် တောင်သူများ၏ ဆန်စျေးနှုန်းနှင့် အိမ်ထောင်စုများအတွက် ထိခိုက်မှုမရှိစေရေး ထိုင်းနိုင်ငံအစိုးရနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ ကြိုတင်စီမံဆောင်ရွက်မှုများ ဖြစ်ပါကြောင်း သုံးသပ် တင်ပြအပ်ပါသည်။

Source: www.bangkokpost. gov

သီတာဝင်း၊ စီးပွားရေးသံမှူး

ဗန်ကောက်မြို့

Agribusiness & Trade

# ၂၀၂၃-၂၀၂၄ စိုက်ပျိုးရာသီတွင် ထိုင်းဆန် စိုက်ပျိုးထုတ်လုပ်မှု ကျဆင်းသွားနိုင်ဖွယ်ရှိ

ထိုင်းနိုင်ငံ၊ စိုက်ပျိုးရေးနှင့် သမဝါယမဝန်ကြီးဌာန၊ စိုက်ပျိုးရေးဆိုင်ရာ စီးပွားရေးရုံး၏ ခန့်မှန်းထားချက်အရ အယ်လ်နီညိုရာသီဥတု ဖြစ်စဉ်များကြောင့် ၂၀၂၃-၂၀၂၄ စိုက်ပျိုးရာသီတွင် စပါးတန်ချိန် ၈၇၁,၀၀၀ ခန့် ကျဆင်းနိုင်ဖွယ်ရှိပြီး တန်ချိန် ၂၅ ဒသမ ၈ သန်းသာ ထွက်ရှိနိုင်ကြောင်း၊ ဧက ၆၂ ဒသမ ၄ သန်း စိုက်ပျိုးပါကြောင်း၊ ယခင်နှစ်အောက် ၆၀၂,၀၀၀ ဧက လျော့နည်း စိုက်ပျိုးပါကြောင်း၊ ရိတ်သိမ်းဧရိယာမှာ ဧက ၅၉.၆ သန်းခန့် ဖြစ်ကြောင်း စိုက်ပျိုးရေးဆိုင်ရာစီးပွားရေးဦးစီးဌာန၏ ဒုတိယ အထွေထွေအတွင်းရေးမှူးချုပ်ဖြစ်သူ **Mrs. Tantita Bunyamaneekul** က ပြောကြားခဲ့ပါသည်။

**စိုက်**ပျိုးဧရိယာကျဆင်းရခြင်းမှာ ရာသီဥတုအခြေအနေပြောင်းလဲလာမှုကြောင့် မိုးရွာသွန်းမှုနည်းပါးလာခြင်းကြောင့် ဖြစ်ပါကြောင်း၊ ယခုနှစ်တွင်လည်း မိုးရွာသွန်းမှု နည်းပါးနိုင်မည်ဟု မိုးလေဝသဦးစီးဌာနက ခန့်မှန်းထားပါကြောင်း၊ ဇွန်လလယ်မှ ဇူလိုင်လလယ်ထိ မိုးရွာသွန်းမှုနည်းပါးပါကြောင်း၊ အထူးသဖြင့် ရေသွင်းမစိုက်ပျိုးသော ခြောက်သွေ့သောဒေသများတွင် ဖြစ်ကြောင်း၊ အချို့လယ်သမားများက ၎င်းတို့လယ်သမားများကို လွှတ်ထားခဲ့ကြပြီး အချို့က ၁ ကြိမ်သာ စိုက်ပျိုးကြပါကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့ပါသည်။

မိုးနည်းပါးမှုကြောင့် ၁ ဧက အထွက်နှုန်းလျော့နည်းသကဲ့သို့ ရောဂါနှင့် အိမ်မွေးတိရစ္ဆာန်များ၏ ဖျက်ဆီးမှုကြောင့်လည်း အထွက်နှုန်းလျော့နည်းနိုင်ပါကြောင်း၊ စပါးဈေးနှုန်းများသည် ၂၀၂၂ ခုနှစ်မှစ၍ မြင့်တက်လျက်ပါကြောင်း၊ ယခုနှစ် ပထမ ၉ လအတွင်း ထိုင်း Hom mali စပါး ၁ တန်လျှင် ၁၄,၂၂၆ ဘတ် ဖြစ်ပါကြောင်း၊ အစိုဓာတ် ၁၅ ရာခိုင်နှုန်းပါ စပါး ၁ တန်လျှင် ပျမ်းမျှ ၁၀,၄၉၉ ဘတ်နှင့် ကောက်ညှင်းစပါး ၁ တန်လျှင် ပျမ်းမျှ ၁၁,၆၅၇ ဘတ် ဖြစ်ကြောင်း သိရှိရပါသည်။

ယခုနှစ် ပထမ ၇ လအတွင်း ဆန်တင်ပို့နိုင်မှု ပမာဏနှင့် တန်ဖိုးမြင့်တက်ခဲ့ပါကြောင်း၊ အယ်လ်နီညိုရာသီဥတု ဖြစ်စဉ်များကြောင့် ပြည်တွင်းဆန်ဈေးနှုန်းများသည်လည်း မြင့်တက်လာနိုင်ကြောင်း၊ ထို့အပြင် တရုတ်တွင် ဆန်ထုတ်လုပ်မှု လျော့ချခဲ့ခြင်းနှင့် ကမ္ဘာ့ဆန်တင်ပို့မှုအများဆုံး ဖြစ်သည့် အိန္ဒိယ၏ တင်ပို့မှု ပိတ်ပင်လိုက်ခြင်းတို့ကြောင့် ထိုင်းနိုင်ငံအတွက် ဆန်ပိုမိုတင်ပို့နိုင်သည့် အခွင့်အလမ်းများ ဖြစ်လာနိုင်ပါကြောင်း Mrs. Tantita က **ဖြည့်စွက်ပြောကြားခဲ့ပါသည်။**

Source: www.bangkokpost. gov

သီတာဝင်း၊ စီးပွားရေးသံမှူး

ဗန်ကောက်မြို့

Agribusiness & Trade

## ထိုင်းနိုင်ငံ၊ အစိုးရသစ်အနေဖြင့် ဆန်စပါးအတွက် မဟာဗျူဟာအပေါ် ပိုမိုအာရုံစိုက်စေလိုကြောင်း ဆန်စပါးတင်ပို့သူများအသင်းဥက္ကဋ္ဌက အကြံပြုပြောကြား

အစိုးရသစ်အနေဖြင့် ဆန်ဈေးကွက် ပေါက်ဈေးကို အနှောင့်အယှက်ဖြစ်စေမည့် မည်သည့် ဆောင်ရွက်ချက် သို့မဟုတ် နည်းလမ်းများကိုမဆို ရှောင်ကြဉ်စေလိုပါကြောင်း၊ ဈေးကွက်ကို သဘာဝအတိုင်းသာ လည်ပတ်စေလိုကြောင်း ထိုင်းဆန်ပို့ကုန်လုပ်ငန်းရှင်များအသင်း၏ ဂုဏ်ထူးဆောင် ဥက္ကဋ္ဌ Mr. Chookiat Ophaswongse က ပြောကြားခဲ့ပါသည်။

ပို့ကုန်လုပ်ငန်းရှင်များက အစိုးရသစ်ကို ဆန်ထုတ်လုပ်သည့် မဟာဗျူဟာများအပေါ်ကိုသာ အာရုံစိုက်စေလိုကြောင်း၊ ယခင်အစိုးရလက်ထက်က အခြေတည်ခဲ့သည့် ဆန်အမျိုးအစားသစ်များ ကို ဖော်ထုတ်စေလိုကြောင်း၊ ယင်းသည် ထိုင်းဆန်၏ အနာဂတ်အတွက် အရေးကြီးပါကြောင်း၊ ဖိလစ်ပိုင်၊ မလေးရှားနှင့် အင်ဒိုနီးရှားတို့နှင့်တွေ့ဆုံဆွေးနွေးထားချက်များအရ ၎င်းတို့သည် ဈေးနှုန်း အပေါ် လွန်စွာအလေးထားကြပါကြောင်း၊ လယ်သမားများအတွက် ကုန်ကျစရိတ်လျှော့ချနိုင်ရေး၊ စိုက်ပျိုးစဉ်ကာလ တိုးမြှင့်နိုင်ရေးနှင့် ဈေးကွက်လိုလားချက်နှင့်ကိုက်ညီသည့် ဆန်ပျော့အမျိုးအစားများကို ဖော်ထုတ်ရေးတို့သည် အဓိက အချက်ဖြစ်ကြောင်း၊ အခြားသော ဆန်တင်ပို့သည့် နိုင်ငံများသည် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှု (R&D) ကို ဆောင်ရွက်လျက်ရှိပါကြောင်း ၎င်းက ဖြည့်စွက်ပြော ကြားခဲ့ပါသည်။

ထို့ပြင် ဆည်ရေစနစ်များ၊ တူးမြောင်းများနှင့် ရေလှောင်ကန်များကိုလည်း စီစဉ်တည် ဆောက်ပေးရန် လိုအပ်ကြောင်း၊ မလေးရှားမှ လက်ကားရောင်းဝယ်သူနှင့် မကြာသေးမီက ဆွေးနွေး ချက်အရ ထိုင်း Hom mali ဆန်ကို မဝယ်တော့ပါကြောင်း၊ ရာသီအစနောက်ပိုင်းတွင် ရနံ့ပျောက် လာခြင်းကြောင့် ဖြစ်ကြောင်း၊ ၁ နှစ်ပတ်လုံးတွင် ၁ ကြိမ်သာ စိုက်ပျိုးသောကြောင့် ဖြစ်ကြောင်း၊ ဗီယက်နမ် ရနံ့ပါ ဆန်သည် ၃ လ လျှင် ၁ ကြိမ် စိုက်ပျိုးသဖြင့် ဆန်ကို တစ်ဆက်တည်းရနိုင်ကြောင်း ဆက်လက်ပြောကြားပါသည်။

ဈေးကွက်ပေါက်ဈေးကို အနှောင့်အယှက်ဖြစ်စေမည့် ဆောင်ရွက်ချက်များကို ရှောင်ရှားစေ လိုပါကြောင်း၊ လယ်ယာကုန်ကျစရိတ်အတွက် အထောက်အပံ့များ၊ ရက် ၁၂၀/၁၀၀ ထက်နည်းသော စပါး မျိုးစိတ်သစ်များ ဖော်ထုတ်ခြင်းစသည့် ပုံစံမျိုးဖြင့် လယ်သမားများကို အထောက်အပံ့ပေးနိုင်ပါ ကြောင်း ဖြည့်စွက်ပြောကြားပါသည်။

ဈေးနှုန်းကို အမြင့်တွင်သတ်မှတ်ပေးထားခြင်းကို မဆောင်ရွက်စေလိုကြောင်း၊ ဈေးနှုန်းအာ မခံချက်ကို လယ်သမားများ၏ ပါဝင်ဆောင်ရွက်မှုဖြင့် သတ်မှတ်စေလိုကြောင်း၊ ရေပြတ်လပ်မှု ပြဿနာကြောင့် အစိုနှင့်အခြောက်နည်းလမ်းများ၊ ပြန်လည်စိုက်ပျိုးရေးနည်းပညာများ၊ နည်းပညာ

Agribusiness & Trade

သစ်များကို လက်ခံကျင့်သုံးကြရန် လိုအပ်ကြောင်း၊ မီးရှို့မှုကိုလည်း ရှောင်ရှားစေလိုကြောင်း၊ အစိုးရ သစ်အနေဖြင့် မူဝါဒများကို ပြန်လည်ဆန်းစစ်ပြီး ၃ နှစ်အတွင်း ဝင်ငွေ ၃ ဆ တိုးစေရန် ဆောင်ရွက်စေလိုကြောင်း၊ အရှေ့မြောက်ရှိ Hom mali စိုက်ခင်းများသည် ၁ ရိုင်လျှင် ၃၇၀ ကီလိုဂရမ်သာ ထွက်ရှိကြောင်း၊ အလယ်ပိုင်းဒေသတွင် ၈၀၀ ကီလိုဂရမ်သာ ထွက်ရှိကြောင်း၊ ဝင်ငွေ ၃ ဆရရှိရန် အထွက်နှုန်းကို ၃ ဆ ဖြစ်ရန် လိုကြောင်း၊ ယင်းအတွက် နည်းပညာသစ်များကို လက်ခံကျင့်သုံးရန်မှာ စိန်ခေါ်မှုဖြစ်နေပါကြောင်း ထိုင်းဖွံ့ဖြိုးတိုးတက်မှုသုတေသနအင်စတီကျု၊ ဂုဏ်ထူးဆောင်တစ်ဦးဖြစ်သူ Mr. Nipon Puapongsakorn က ပြောကြားခဲ့ပါသည်။

Source: [www.bangkokpost. gov](www.bangkokpost.gov)

သီတာဝင်း၊ စီးပွားရေးသံမှူး

ဗန်ကောက်မြို့

.....................................................................................

## ယခုနှစ်အတွင်း ထိုင်းနိုင်ငံ၏ ဆန်တင်ပို့မှုသည် မျှော်မှန်းထားသည့်အတိုင်း တန်ချိန် ၈ သန်းထိ ရောက်ရှိနိုင်

ယခုနှစ် ဩဂုတ်လ ၂၉ ရက်နေ့အထိ ဆန် တန်ချိန် ၅.၂၉ သန်း တင်ပို့ခဲ့ပြီးဖြစ်သဖြင့် ယခုနှစ်အတွင်း ဆန်တင်ပို့ရန် မျှော်မှန်းထားသည့် တန်ချိန် ၈ သန်းထိ တင်ပို့နိုင်လိမ့်မည်ဖြစ်ကြောင်း၊ အယ်လ်နီညို ရာသီဥတုဖြစ်စဉ်များကြောင့် မိုးခေါင်မှုအပေါ် စိုးရိမ်မှုများ၊ အိန္ဒိယနိုင်ငံ၏ ဆန်ဖြူတင်ပို့မှု ပိတ်ပင်ခြင်းများ၊ တရုတ်၏ ဆန်ထုတ်လုပ်မှုလျော့ချခြင်းနှင့် နိုင်ငံအများအပြား၏ အစားအစာလုံခြုံမှုအပေါ် စိတ်အားထက်သန်လာမှုများကြောင့် ဆန်တင်ပို့နိုင်မှု မြင့်တက်လာပါကြောင်း ပြည်ပကုန်သွယ်ရေးဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ Mr. Ronnarong Phoolpipat က ပြောကြားခဲ့ပါသည်။

နိုင်ငံအများစုက ထိုင်းဆန်အပေါ် ဝယ်လိုအား မြင့်တက်လာမှုကြောင့် ပို့ကုန်လည်း တိုးမြင့်လာနိုင်ကြောင်း၊ အထူးသဖြင့် ဖိလစ်ပိုင်၊ မလေးရှား၊ အင်ဒိုနီးရှားနှင့် ဂျပန်နိုင်ငံတို့ ဖြစ်ကြောင်း၊ ဖိလစ်ပိုင်နိုင်ငံသည် ထိုင်းဆန်ဝယ်ယူရန် နောက်ဆုံးဆက်သွယ်လာသည့် နိုင်ငံဖြစ်ကြောင်း၊ ဝယ်ယူရေးဆိုင်ရာ ညှိနှိုင်းမှုကို စက်တင်ဘာလတွင် အပြီးသတ်သွားမည်ဖြစ်ကြောင်း၊ ဖိလစ်ပိုင်၊ မလေးရှား၊ အင်ဒိုနီးရှားနှင့် ဂျပန်နိုင်ငံများသို့ မကြာသေးမီက သွားရောက်ခဲ့သည့် ခရီးစဉ်တွင် ထိုင်းနိုင်ငံသည် လုံလောက်သော ဆန်ထောက်ပံ့နိုင်မှုနှင့် ပို့ကုန်လုပ်ငန်းစဉ်များအပါအဝင် စိတ်ချရသော ဆန်တင်ပို့သူဖြစ်ကြောင်း ဌာနအနေဖြင့် ထပ်လောင်းဆွေးနွေးခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့ပါသည်။

Agribusiness Trade

အိန္ဒိယနိုင်ငံ၏ ဆန်ဖြူတင်ပို့မှု ပိတ်ပင်ခြင်းသည် ထိုင်းဆန်တင်ပို့မှုအပေါ် သက်ရောက်မှု မရှိပါကြောင်း၊ မည်သူမဆို ထိုင်းနိုင်ငံမှ ဆန်ကို ပုံမှန်အတိုင်း ဝယ်ယူနိုင်ပါကြောင်း၊ အိန္ဒိယ၏ ပိတ်ပင်မှုကြောင့် ကမ္ဘာ့ဆန်ဈေးကွက်နှင့် ဈေးနှုန်းအပေါ် သက်ရောက်မှုရှိသော်လည်း အိန္ဒိယနိုင်ငံ အတွင်းတွင် ဆန်ပြတ်လပ်မှု မရှိပါကြောင်း၊ အစားအစာလုံခြုံမှုအတွက် အိန္ဒိယဆန်ဝယ်ယူလို သူများ၏ တင်ပို့မှုပါမစ်များကို အိန္ဒိယမှ ခွင့်ပြုပေးလျက်ရှိကြောင်း၊ မကြာသေးမီက စင်ကာပူနိုင်ငံ၏ ဆန်ဖြူ တန်ချိန် ၁၁၀,၀၀၀ ဝယ်ယူခွင့်ကို အိန္ဒိယအစိုးရ ဩဂုတ်လ ၂၉ ရက်နေ့တွင် ခွင့်ပြုပေးခဲ့ပါ ကြောင်း၊ ဘူတန်နိုင်ငံ၏ တောင်းဆိုမှု ဆန် တန်ချိန် ၉၀,၀၀၀ အနက် တန်ချိန် ၇၉,၀၀၀၊ မောရစ်သျှ (Mauritius) နိုင်ငံ၏ တောင်းဆိုမှု ဆန် တန်ချိန် ၁၄,၀၀၀ တို့ကို အသီးသီး ခွင့်ပြုပေးခဲ့ကြောင်း Mr. Ronnarong က ဖြည့် စွက်ပြောကြားခဲ့ပါသည်။

ထိုင်းဆန်ကို နိုင်ငံအများအပြား စိတ်ဝင်စားလာသည့်အတွက် ပို့ကုန်တိုးမြင့်လာနိုင်သည့် အခွင့် အလမ်းများဖြစ်ကြောင်း၊ ဈေးနှုန်းလည်း မြင့်တက်နေကြောင်း၊ ၅ ရာခိုင်နှုန်း ဆန်ဖြူ အမျိုးအစားသည် ၁ တန်လျှင် အမေရိကန်ဒေါ်လာ ၆၂၀ ပေါက်ဈေးရှိပါကြောင်း Mr. Ronnarong က ပြောကြားခဲ့ပါ သည်။

Source: www.bangkokpost. gov

သီတာဝင်း၊ စီးပွားရေးသံမှူး

ဗန်ကောက်မြို့

## ထိုင်းနိုင်ငံတွင် ပြည်တွင်းကုန်စည် ဈေးနှုန်းများ တည်ငြိမ်နေဆဲဖြစ်

အစ္စရေးနှင့် ဟားမတ်စ်တို့အကြား ပဋိပက္ခရှိနေဆဲဖြစ်သော်လည်း ကမ္ဘာ့ဆီဈေး တည်ငြိမ် နေသဖြင့် ထိုင်းနိုင်ငံအတွင်းရှိ ပြည်တွင်းကုန်စည်ဈေးနှုန်းများကိုလည်း သက်ရောက်မှု မရှိသေးပါ ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် တင်သွင်းသည့် ဓာတ်မြေဩဇာ၊ ပေါင်းသတ်ဆေးနှင့် တိရစ္ဆာန်အစာ ပစ္စည်းများ၏ ဈေးနှုန်းကို စောင့်ကြည့်ရန် ညွှန်ကြားချက်ထုတ်ပြန်ထားပြီးဖြစ်ကြောင်း စီးပွားရေး နှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပြောကြားပါသည်။

ထုတ်လုပ်မှုနှင့် သယ်ယူပို့ဆောင်ရေး၏ ကုန်ကျစရိတ်တွင် ဆီဈေးနှုန်းသည် အဓိက အရေး ပါပါကြောင်း၊ ဆီဈေးနှုန်းသည် ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက တည်ငြိမ်နေဆဲဖြစ်ပါကြောင်း၊ ပြည်တွင်း ကုန်စည်ဈေးနှုန်းများ မြင့်တက်မည့် အလားအလာ မတွေ့ရပါကြောင်း၊ ပြည်တွင်းကုန်သွယ်ရေး ဦးစီးဌာနသည် စွမ်းအင်ဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ကမ္ဘာ့ဆီဈေးနှင့် အရေးပါသည့် တင်သွင်း ကုန်ကြမ်းများ၏ ဈေးနှုန်းများကို စောင့်ကြည့်လျက်ရှိပါကြောင်း၊ ထိုင်းနိုင်ငံသည် ဓာတုဓာတ်မြေ

သြဇာ၊ ပေါင်းသတ်ဆေးနှင့် တိရစ္ဆာန်အစာထုတ်လုပ်သည့် ကုန်ကြမ်းအချို့ကို ပြည်တွင်းတွင် ထုတ်လုပ်သော်လည်း အချို့ကို အခြားနိုင်ငံများမှ တင်သွင်းပါကြောင်း ဦးစီးဌာန၏ ဒုတိယညွှန်ကြား ရေးမှူးချုပ် ဖြစ်သူ **Mr. Chakra Yodmani** က ပြောကြားပါသည်။

အစ္စရေး-ဟားမတ်စ် ပဋိပက္ခသည် ရုရှား-ယူကရိန်း ပဋိပက္ခကဲ့သို့ ကုန်စည်ဈေးနှုန်းများ အပေါ် သက်ရောက်မှုမရှိပါကြောင်း၊ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့သည် သီးနှံနှင့် ဓာတ်မြေသြဇာ အဓိက ထုတ်လုပ်သူများ မဟုတ်ကြပါကြောင်း၊ သက်ရောက်မှုရှိခဲ့မည်ဆိုပါက ဆီဈေးနှုန်းပေါ်တွင်သာ ဖြစ်နိုင်ကြောင်း၊ ပြည်တွင်း၌ ဓာတုဓာတ်မြေသြဇာ တန် ၈၃၀,၀၀၀ လက်ကျန်ရှိပြီး တောင်သူ လယ်သမားများ၏ လိုအပ်ချက်အတိုင်း လုံလောက်နေသေးပါကြောင်း၊ ၈ လအတွင်း တန်ချိန် ၃.၄၄ သန်း တင်သွင်းခဲ့ပြီးဖြစ်ပါကြောင်း ၎င်းက ဆက်လက်ပြောကြားပါသည်။

လက်ရှိတွင် ဓာတုဓာတ်မြေသြဇာဈေးနှုန်းသည် တည်ငြိမ်နေပြီး ရေရှည်တွင်လည်း တည်ငြိမ် နေမည်ဟု မျှော်လင့်ရပါကြောင်း၊ ကမ္ဘာ့ဆီဈေးနှုန်းနှင့် သဘာဝဓာတ်ငွေ့ဈေးနှုန်းများ စတင်မြင့် တက် နေပြီဖြစ်သော်လည်း ယခင်နှစ်အတိုင်း ဈေးနှုန်းနိမ့်နေဆဲဖြစ်ကြောင်း သိရှိရပါသည်။

**Source:** [www.bangkokpost. gov](www.bangkokpost.gov)

သီတာဝင်း၊ စီးပွားရေးသံမှူး

ဗန်ကောက်မြို့

.................................................................................................

## အယ်လ်နီညိုသက်ရောက်မှုကို ကိုင်တွယ်ဖြေရှင်းနိုင်ရေးအတွက် အထူးအဖွဲ့ ဖွဲ့စည်းရန် ထိုင်းနိုင်ငံ ဝန်ကြီးချုပ်က လမ်းညွှန်မှာကြားခဲ့

အယ်လ်နီညို ရာသီဥတုဖြစ်စဉ်နှင့်စပ်လျဉ်းသည့် သက်ရောက်မှုများကို ဖြေရှင်းတုန့်ပြန်ရန် အတွက် အထူးကော်မတီတစ်ခုကို ဖွဲ့စည်းဆောင်ရွက်သွားရန် ထိုင်းနိုင်ငံ ဝန်ကြီးချုပ် Mr. Srettha Thavisin က လမ်းညွှန်မှာကြားခဲ့ကြောင်း သိရှိရပါသည်။

ကော်မတီအနေဖြင့် ပြည်နယ်အသီးသီးတွင် အရေးပေါ် အခြေအနေအဖြစ် ကြေညာနိုင်သည့် ဖြစ်နိုင်ချေများကို လေ့လာသုံးသပ်ရန်ဖြစ်ကြောင်း၊ ပုံမှန်ဘတ်ဂျက်ခွဲဝေမှု မလုံလောက်သဖြင့် စောင့် ဆိုင်းနေသည့်ကာလအတွင်း တုန့်ပြန်မှုအစီအမံများကို အလျင်အမြန်ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ဆည်များနှင့် မြေအောက်ရေသိုလှောင်ကန်များ တည်ဆောက်ရန်အတွက် ဘတ်ဂျက် လုံလောက်မှု ရှိသော ဒေသဆိုင်ရာ အာဏာပိုင်များက အရေးပေါ် အခြေအနေကို ထုတ်ပြန်ကြေညာနိုင်ပါကြောင်း အစိုးရ၏ပြောရေးဆိုခွင့်ရှိသူ Dr. Chai Wacharonke က ပြောကြားပါသည်။

Agri Business & Trade

အယ်လ်နီညို၏ သက်ရောက်မှုများကို တစ်ကမ္ဘာလုံးက အသိအမှတ်ပြုသည့် အစီရင်ခံစာကို အစိုးရအဖွဲ့အနေဖြင့် ရရှိပြီးဖြစ်ကြောင်း၊ အယ်လ်နီညိုသည် နောင် ၃ နှစ်အထိ ကြာရှည်နိုင်ကြောင်း၊ ထိုင်းနိုင်ငံတွင် ယင်းအခြေအနေအတွက် ကောင်းမွန်သော အစီအစဉ်များမရှိပါက ဆုံးရှုံးနိုင်မှု တန်ဖိုးသည် အနည်းဆုံး ဘတ် ၆ ဘီလီယံမှ ဘတ် ၂ ထရီလီယံအထိ ဖြစ်ကြောင်းငင်းက ဆက်လက်ပြောကြားပါသည်။

ထိုင်းနိုင်ငံသည် ပင်လယ်စာထုတ်ကုန်တွင် အများဆုံးတင်ပို့သူဖြစ်ခဲ့ပါကြောင်း၊ လုပ်ခလစာ အပါအဝင် အကြောင်းအရင်းအချို့ကြောင့် ယင်းနေရာကို ဆုံးရှုံးခဲ့ရပါကြောင်း၊ ထို့ကြောင့် ကမ္ဘာ့ထိပ် တန်းနေရာပြန်လည်ရောက်ရှိနိုင်ရန် ငါးဖမ်းကဏ္ဍအတွက် ပြန်လည်ရေးဆွဲထားသည့် အစီအစဉ်ကို အစိုးရအဖွဲ့က ခွင့်ပြုခဲ့ပါကြောင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Mr. Phumtham Wechayachai ဦးဆောင်မည့် ကော်မတီအနေဖြင့် ရေရှည်တည်တံ့သော ငါးဖမ်းကဏ္ဍဖြစ်စေရေး ဆောင်ရွက်သွားမည် ဖြစ်ကြောင်း Dr. Chai က ဖြည့်စွက်ပြောကြားပါသည်။

အယ်လ်နီညိုသက်ရောက်မှုအများဆုံးဖြစ်နိုင်သည့် ပြည်နယ်များကို အလေးထားဆောင်ရွက် ရန် လိုအပ်ကြောင်း၊ အဆိုပါ သက်ရောက်မှုသည် လယ်ယာကဏ္ဍသာမက တောင်သူများ၏ ဝင်ငွေ၊ အစားအစာ လုံခြုံမှု၊ ဈေးနှုန်းများနှင့် ထုတ်လုပ်မှုအပေါ်တွင် ဖြစ်နိုင်ကြောင်း Thai Future Food Trade Association ၏ ဥက္ကဋ္ဌ Mr Visit Limlurcha က ဖြည့်စွက်ပြောကြားပါသည်။

လယ်ယာစိုက်ပျိုးရေးကို အဓိကထားသည့်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့်လည်း အယ်လ်နီညို၏ သက်ရောက်မှုများကို လေ့လာစောင့်ကြည့်သွားရန်နှင့် အစီအမံများ ကြိုတင်ဆောင် ရွက်သင့်ပါကြောင်းအကြံပြုတင်ပြအပ်ပါသည်။

Source: www.bangkokpost. gov

သီတာဝင်း၊ စီးပွားရေးသံမှူး

ဗန်ကောက်မြို့

## နိုဝင်ဘာလတွင် စတင်လာတော့မည့် အယ်လ်နီညို ရာသီဥတုဖြစ်စဉ်များကြောင့် ထိုင်းနိုင်ငံတွင် ရေပြတ်လပ်မှုကြုံလာနိုင်သည်ကို စိုးရိမ်လျက်ရှိ

ပြီးခဲ့သည့်လအတွင်း ထိုင်းနိုင်ငံအတွင်းရှိ ခရိုင်အများအပြားတွင် ရေကြီးမှုကြုံတွေ့ပြီးနောက် ထိုင်းနိုင်ငံ၏ စီးပွားရေးနှင့် ပို့ကုန်ကဏ္ဍ၏ အဓိကအရေးပါသော ရာသီဥတုအတွက် ခြိမ်းခြောက်မှု တစ်ခု ဖြစ်သည့် မိုးခေါင်မှု ဖြစ်လာနိုင်ကြောင်း၊ ဩဂုတ်လ၌ ပို့ကုန်သည် ၁၁ လအတွင်း ပထမဆုံး

အဖြစ် ပြန်လည် ကောင်းမွန်လာခဲ့သော်လည်း မိုးခေါင်မှုသည် စားသောက်ကုန်လုပ်ငန်းများနှင့် ပို့ကုန် တွင် ရိုက်ခတ်မှုဖြစ်လာနိုင်ကြောင်း သိရှိရပါသည်။

ဇွန်လမှ အောက်တိုဘာလအထိ မိုးရွာသွန်းခဲ့သော်လည်း ရေပြတ်လပ်မှုအတွက် ယခုနှစ် အစောပိုင်းမှစ၍ စိုးရိမ်ပူပန်မှုများ ရှိခဲ့ပါကြောင်း၊ စိုက်ပျိုးရေးနှင့် သမဝါယမဝန်ကြီးဌာနသည် လာမည့် ခြောက်သွေ့ရာသီ နိုဝင်ဘာလတွင် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် မိုးခေါင်မှုဖြစ်လာနိုင်သည်ကို စိုးရိမ်နေပါကြောင်း၊ ရေပြတ်လပ်မှုကြောင့် ပို့ကုန်၊ ဝယ်လိုအား၊ **GDP** တိုးတက်မှုနှင့် အစားအစာ လုံခြုံစိတ်ချရမှုတို့အပေါ် သက်ရောက်မှုကြီးသည်ဟု ထိုင်းစက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် က သတိပေးထားပါသည်။

ထိုင်းနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍသည် ရေထောက်ပံ့မှုအပေါ် မူတည်နေပါကြောင်း၊ ရေလုံလုံလောက်လောက်မရရှိပါက တောင်သူလယ်သမားများသည် လျှော့နည်းစိုက်ပျိုးခြင်းနှင့် သီးနှံမစိုက်ပျိုးခြင်းတို့ ဖြစ်လာနိုင်ကြောင်း၊ ယင်းကြောင့် လယ်ယာထွက်ကုန်များကို ကုန်ကြမ်းအဖြစ် အသုံးပြုသော အစားအသောက်ထုတ်လုပ်သူများကို သက်ရောက်သကဲ့သို့ အစားအသောက်တင်ပို့သူများကိုလည်း သက်ရောက်ပါကြောင်း၊ ထိုင်းနိုင်ငံ၏ ဆန်နှင့် ကြံတို့သည် လယ်ယာထွက်ကုန်များတွင် လူကြိုက်များပါကြောင်း၊ ထိုင်းသည် ကမ္ဘာ့အစားအသောက် အဓိက တင်ပို့သူဖြစ်ကြောင်း အသင်းချုပ်၏ ဥက္ကဋ္ဌ ဖြစ်သူ **Mr. Kriengkrai Thiennukul** က ပြောကြားပါသည်။

ကြံသည် မိုးခေါင်မှုတွင် အဓိက ရှန်းကန်ရမည့် သီးနှံဖြစ်ကြောင်း၊ မိုးနည်းပါးမှုကြောင့် ၂၀၂၃ –၂၀၂၄ စိုက်ပျိုးရာသီတွင် ကြံအထွက်နှုန်းသည် တန် ၈၀ သို့ ကျဆင်းသွားနိုင်ကြောင်း၊ စိုက်ခင်းသေးများ၏ လယ်သမားဝင်ငွေကို ထိခိုက်ရုံမက နိုင်ငံ၏ သကြားအထွက်နှုန်းကိုလည်း ထိခိုက်နိုင်ပါကြောင်း၊ ထိုင်းနိုင်ငံသည် သကြားတင်ပို့မှုတွင် အဆင့် ၅ ဖြစ်ပါကြောင်း၊ မိုးခေါင်မှုဖြစ်ပွားပါက ထိုင်းသကြားကဏ္ဍတွင် ပြိုင်ဘက်များကို ရှုံးနိမ့်သွားနိုင်ကြောင်း၊ ဒေသဆိုင်ရာ တာဝန်ရှိသူများက စိုက်ပျိုးမြေများအတွက် အခြားရေအရင်းအမြစ်များ ရှာဖွေပေးသွားမည်ဖြစ်ကြောင်း **Mr. Kriengkrai** က သုံးသပ် ပြောကြားပါသည်။

မိုးခေါင်မှုသည် ခြောက်သွေ့ရာသီတွင် ပိုမိုပြင်းထန်လာပါက စိုက်ပျိုးမှုလျှော့ချခြင်းနှင့် အရည်အသွေးကျဆင်းခြင်းတို့ ကြုံတွေ့လာနိုင်ပြီး စားသောက်ကုန်ထုတ်လုပ်သည့် လုပ်ငန်းများနှင့် ပို့ကုန်ကဏ္ဍကို ထိခိုက်လာနိုင်ကြောင်း၊ စားသောက်ကုန်ထုတ်လုပ်သည့် လုပ်ငန်းများသည် လုပ်သားများစွာ အသုံးပြုသည့် လုပ်ငန်းများဖြစ်သဖြင့် အလုပ်သမားအများအပြား ဒုက္ခကြုံတွေ့နိုင်ကြောင်း၊ ထိုင်းနိုင်ငံ စိုက်ပျိုးရေးကဏ္ဍတွင် မိုးရေနည်းပါးမှုကို အနည်းဆုံး ၃ နှစ် ၂၀၂၃–၂၀၂၅ ခံစားရနိုင်သည်ဟု ထိုင်း စက်မှုလက်မှုအသင်းချုပ်က ခန့်မှန်းထားကြောင်း၊ ၂၀၀၀ ခုနှစ်မှ ၂၀၁၉ ခုနှစ် အကြား **Global Climate Risk Index** (၂၀၂၁) အရ ထိုင်းနိုင်ငံသည် ကမ္ဘာ့နိုင်ငံ ၁၈၀ အနက် ရာသီဥ

တ၏ သက်ရောက်မှုကြောင့် စီးပွားရေးဆုံးရှုံးမှုတွင် တိုက်ရိုက်ထိခိုက်နိုင်သည့် အဆင့် ၉ ရှိသည့် နိုင်ငံဖြစ်ကြောင်း သိရှိရပါသည်။

မိုးခေါင်မှုကြောင့် စီးပွားရေးကို ဘတ် ၅၃ ဘီလီယံ ဆုံးရှုံးစေနိုင်ကြောင်း၊ လူတို့ပြုလုပ်မှုကြောင့် ကမ္ဘာကြီးပူနွေးလာခဲ့ပြီး စိုက်ပျိုးရေးကိုထိခိုက်နိုင်သည့် မိုးအလွန်အကျွံခေါင်သည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်စေပါကြောင်း၊ လူဦးရေတိုးပွားလာသည်နှင့်အမျှ စိုက်ပျိုးမြေများ ဆုံးရှုံးခဲ့ပြီး ပထဝီနိုင်ငံရေးပဋိပက္ခများကြောင့် အစားအစာမလုံလောက်မှုများ ဖြစ်ပေါ်စေပါကြောင်း၊ အိန္ဒိယနှင့် ဗီယက်နမ်နိုင်ငံတို့သည့် ပြည်တွင်းဆန်လုံလောက်မှုအတွက် ဆန်တင်ပို့မှုများကို ထိန်းချုပ်ခြင်းဖြင့် အစားအစာလုံလောက်မှုရှိစေရန် ပြင်ဆင်နေပြီဖြစ်ကြောင်း **Mr. Kriengkrai** က ထင်မြင်သုံးသပ်ထားပါသည်။

ထုတ်လုပ်ရေးကဏ္ဍအတွက် အစိုးရအနေဖြင့် နည်းပညာမြင့်မားသည့် စက်မှုအချက်အခြာဖြစ်သော **Eastern Economic Corridor (EEC)** ရှိ စက်ရုံများတွင် မိုးခေါင်မှုအကျိုးသက်ရောက်မှုများ လျှော့ချနိုင်ရေးအတွက် ရေတို၊ ရေရှည် ရေစီမံခန့်ခွဲမှု အစီအစဉ်များကို စီမံဆောင်ရွက်သင့်ကြောင်း၊ နောက်လာမည့် ၁-၃ နှစ်အတွက် မိုးခေါင်မှုကို ကာမိစေရန် နှစ် ၂၀ ရေအရင်းအမြစ်ဖွံ့ဖြိုးတိုးတက် မှုအစီအစဉ်ကို ပြန်လည်ပြင်ဆင်သင့်ကြောင်း၊ ထုတ်လုပ်သူများအနေဖြင့်လည်း လျှော့ချ၊ ပြန်လည် အသုံးပြုနှင့် ပြန်လည်လည်ပတ် **(Reduce၊ Reuse and Recycle)** စသည့် **R (၃)** လုံးကို အားစိုက်သွား ရန်နှင့် လယ်သမားများသည်လည်း ရေချွေတာမှု နည်းပညာများကို လက်ခံကျင့်သုံးသွားရန် ထိုင်း စက်မှုလက်မှုအသင်းချုပ်၏ ဒုတိယဥက္ကဋ္ဌ၊ ရေနှင့်သဘာဝပတ်ဝန်းကျင်ရေရှည်တည်တံ့ရေး အင်စတီကျု၏ ဥက္ကဋ္ဌဖြစ်သူ **Mr. Somchai Wangwattanapanich** က အကြံပြုထားပါသည်။

**Source:** [www.bangkokpost. gov](www.bangkokpost.gov)

သီတာဝင်း၊ စီးပွားရေးသံမှူး

ဗန်ကောက်မြို့

## ရုရှားခေတ်မြေသြဇာထုတ်လုပ်သူများက ပို့ကုန်ခွန်များလျှော့ချပေးရန် တောင်းဆို

ရုရှားခေတ်မြေသြဇာထုတ်လုပ်သူများက ၎င်းတို့အတွက် ပို့ကုန်ခွန်များ ညှိနှိုင်းပေးရန် အာဏာပိုင်များထံ တောင်းဆိုထားကြောင်း၊ အမိုးနီးယားနှင့် မီသနောထုတ်လုပ်သူများအတွက် အခွန်အခများကို ဖျက်သိမ်းပေးရန်နှင့် ပိုတက်ရှ်အခွန်များကို ၁၀ ရာခိုင်နှုန်းမှ ၃ ရာခိုင်နှုန်းအထိ လျှော့ချပေးရန်ဖြစ်ကြောင်း ရုရှားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ရုရှားနိုင်ငံသည် ပြည်တွင်းဈေးကွက်ကို ကာကွယ်ရန်အတွက် ရူဘယ်ငွေလဲလှယ်နှုန်းနှင့် ဆက်စပ်သော ကုန်စည်အချို့အပေါ် လိုက်လျောညီထွေရှိသည့် ပို့ကုန်ခွန်များကို ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၂၄ နှစ်ကုန်အထိ ပြောင်းလဲကျင့်သုံးခဲ့ပါသည်။ ၎င်းကုန်စည်များ အနက် ဓာတ်မြေသြဇာပို့ကုန်ခွန်များလည်း ပါဝင်သည်။

ရလဒ်အနေဖြင့် ရူဘယ်ငွေလဲလှယ်နှုန်းသည် တစ်ဒေါ်လာလျှင် ရူဘယ် ၈၀ နှုန်း အထက်ဖြစ်လျှင် ဓါတ်မြေသြဇာတင်ပို့မှုအခွန်နှုန်းမှာ ၁၀ ရာခိုင်နှုန်းသတ်မှတ်ထားပြီး ရူဘယ် ၈၀ နှုန်းအောက်ဖြစ်လျှင် တင်ပို့မှုအခွန်နှုန်းမှာ ၇ ရာခိုင်နှုန်းသတ်မှတ်ထားကြောင်း သိရှိရပါသည်။

ကုမ္ပဏီများသည် အကောက်ခွန်များ ပြုပြင်ပြောင်းလဲရန်အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနသို့ တိုက်ရိုက်၊ သို့မဟုတ် ကဏ္ဍဆိုင်ရာ အမှုဆောင်အရာရှိများ မှတစ်ဆင့် လျှောက်ထားနိုင်ကြောင်း အဆိုပါဝန်ကြီးဌာနက ပြောကြားသည်။

အဆိုပါ လိုက်လျောညီထွေရှိသော ပို့ကုန်ခွန်များကျင့်သုံးလိုက်သည့်အတွက် ပြည်တွင်းသုံးစွဲသူများအကြား ဓာတ်မြေသြဇာဈေးနှုန်းများ မြင့်တက်လာမှုကို ထိန်းသိမ်းနိုင်မည်ဖြစ်သော်လည်း ရုရှားနိုင်ငံမှ နိုင်ငံတကာသို့ တင်ပို့သောဓာတ်မြေသြဇာများ၏ ဈေးနှုန်းများသည် မြင့်တက်လာနိုင်ကြောင်း ကျွမ်းကျင်သူများက သုံးသပ်လျက်ရှိပါသည်။

Source : https://tass.ru/ekonomika/19093855

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကိုမြို့

..........................................................................................

## ရုရှားနိုင်ငံမှ တရုတ်နိုင်ငံသို့ ငါးတင်ပို့မှုသည် ၈ လအတွင်း ၂၀ ရာခိုင်နှုန်း တိုးတက်ခဲ့

ရုရှားနိုင်ငံမှ ငါးထွက်ကုန်များ တရုတ်နိုင်ငံသို့ တင်ပို့မှုသည် ၂၀၂၃ ခုနှစ် ၈ လတာ ကာလအတွင်း ၂၀ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး စုစုပေါင်း မက်ထရစ်တန် ၇၇၆,၀၀၀ ရှိကာ ၎င်း၏တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁.၉ ဘီလီယံရှိကြောင်း ရုရှားနိုင်ငံလုံး ဆိုင်ရာ ငါးထုတ်လုပ်သူများအသင်း(All-Russian Association of Fish Producers-ARAFP) မှ ပြောကြားခဲ့သည်။

တရုတ်ပြည်တွင်းဈေးကွက်တွင် ထုတ်ကုန်သစ်များဖွင့်လှစ်ခြင်းသည် ထောက်ပံ့မှုပိုမိုတိုးတက်ကောင်းမွန်လာစေရန် အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း၊ တရုတ်ပြည်တွင်း စားသုံးရန် အတွက် အေးခဲကဏန်းများ၊ ဆော်လမွန်၊ blueback salmon၊ calico နှင့် Alaska pollack ငါးများ ကို ပေးပို့ခြင်းဖြစ်ကြောင်း အသင်းဥက္ကဋ္ဌ Mr. German Zverev က ပြောကြားခဲ့သည်။

တရုတ်ဈေးကွက်သည် တစ်ကမ္ဘာလုံးအတွက် စိတ်ဝင်စားစရာဖြစ်ကြောင်း၊ တရုတ်နိုင်ငံမှ ငါးထွက်ကုန်များ တင်သွင်းမှုသည် နှစ်နှစ်ဆယ်အတွင်း ဒေါ်လာ ၁.၈ ဘီလီယံမှ ၁၈ ဘီလီယံအထိ ဆယ်ဆတိုးလာခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ရုရှားစိုက်ပျိုးရေးထုတ်ကုန်များ တင်ပို့မှုဖွံ့ဖြိုးတိုးတက်ရေး ဗဟိုဌာန(Agroexport)၏ အကြီးအကဲ Mr. Dmitry Krasnov ပြောကြားမှုအရ ၂၀၂၂ ခုနှစ်တွင် တရုတ်နိုင်ငံသို့ အေးခဲငါးတန်ချိန် ၅ သိန်းနီးပါး တင်ပို့နိုင်ခဲ့ပြီး ထိုစဉ်တွင် ကိုဗစ်ကန့်သတ်ချက်များ အများအပြားရှိနေသေးကြောင်း၊ လက်ရှိအချိန်တွင် တရုတ်ဈေးကွက်သို့ တင်ပို့မှုသည် သိသိသာသာတိုးတက်လာခဲ့ပြီး တန်ချိန် ၇ သိန်းကျော် တင်ပို့ထားနိုင်ပြီဖြစ်ကြောင်း၊ နှစ်ကုန်အထိ တရုတ်နိုင်ငံသို့ အေးခဲငါးတန်ချိန် ၁ သန်း တင်ပို့နိုင်မည်ဟု မျှော်လင့်ကြောင်း သိရှိရပါသည်။

Source : http://www.finmarket.ru/news/6057339

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး

မော်စကိုမြို့

........................................................................................

## ရုရှားနိုင်ငံမှ ကြက်သားနှင့် ကြက်ဥတင်ပို့မှုကို ၆ လကြာ ပိတ်ပင်ရန် အဆိုပြုထား

ရုရှားစိုက်ပျိုးရေးဝန်ကြီးဌာနသည် ရုရှားနိုင်ငံမှ ကြက်သားအမျိုးအစားအချို့နှင့် ကြက်ဥ တင်ပို့မှုကို ၆ လကြာ ယာယီတားမြစ်ရန် အဆိုပြုခဲ့ပြီး သက်ဆိုင်ရာအစိုးရ၏ ဥပဒေမူကြမ်းကို ဖက်ဒရယ် Website ပေါ်တွင် ထုတ်ပြန်ထားသည်။

လူမှုရေးအရ အရေးကြီးသည့် ထုတ်ကုန်များအတွက် စားသုံးသူဈေးနှုန်းများ မြင့်တက်လာမှုကို တားဆီးရန်နှင့် ဈေးကွက်တွင် ထုတ်ကုန်ပြတ်လပ်မှုကို တားဆီးရန်အတွက် ကြက်သားအမျိုးအစားအချို့နှင့် ကြက်ဥတင်ပို့မှုကို ၆ လကြာ ယာယီပိတ်ပင်ရန် အဆိုပြုထားကြောင်း၊ အဆိုပါဥပဒေ အသက်ဝင်မည့်နေ့သည် ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားပါသည်။

ရုရှားစိုက်ပျိုးရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ စောင့်ကြည့်လေ့လာရေး အချက်အလက်များအရ ပြည်တွင်း၌ ကြက်သားနှင့် ကြက်ဥဈေးနှုန်းများသည် သိသိသာသာမြင့်တက်လာကြောင်း၊ ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၂၄ ရာခိုင်နှုန်း မြင့်တက်လာခြင်းဖြစ်ကြောင်း သိရှိရပါသည်။

ရုရှားနိုင်ငံ၏ ဒုတိယဝန်ကြီးချုပ် Mr. Victoria Abramchenko က ရုရှားနိုင်ငံရှိ ကြက်သားနှင့် ကြက်ဥဈေးနှုန်းများ တည်ငြိမ်လာပြီး အနာဂတ်တွင် ဈေးနှုန်းများ ကျဆင်းဖွယ်ရှိကြောင်း ပြောကြားခဲ့ဖူးသည်။

အဓိကအားဖြင့် ဈေးနှုန်းမြင့်တက်ရခြင်းမှာ အမေရိကန်ဒေါ်လာ ငွေလဲနှုန်းမြင့်မားလာခြင်းကြောင့် ထုတ်ကုန်ထုတ်လုပ်မှုစရိတ်မြင့်တက်လာခြင်းနှင့် ဆက်စပ်လျက်ရှိကြောင်း၊ လက်ရှိအခြေအနေမှာ ပြည်တွင်းဈေးကွက်ထက် ပြည်ပသို့ တင်ပို့ခြင်းက ပိုမိုများပြားနေခြင်းကြောင့် နိုင်ငံတော်၏ စားနပ်ရိက္ခာဖူလုံမှုကို ခြိမ်းခြောက်နေပြီး ပြည်တွင်းဈေးကွက်ကို ထိခိုက်စေကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာနက သုံးသပ်ထားပါသည်။

Source : https://tass.ru/ekonomika/19121359

https://ria.ru/20231026/myaso-1905324168.html

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကိုမြို့

## တရုတ်နိုင်ငံ၏ လယ်ယာထွက်ကုန် ပြည်ပကုန်သွယ်မှု မြင့်တက်လာ

တရုတ်နိုင်ငံ၏ လယ်ယာထွက်ကုန် ပြည်ပကုန်သွယ်မှုသည် ၂၀၂၃ ခုနှစ်၊ ပထမကိုးလအတွင်း အမေရိကန်ဒေါ်လာ (၂၅၁.၀၃)ဘီလီယံအထိ ရှိခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် (၁.၄)ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း တရားဝင်အချက်အလက်များအရ သိရှိရပါသည်။

တရုတ်နိုင်ငံ၏ လယ်ယာထွက်ကုန် တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ (၇၂.၂)ဘီလီယံရှိပြီး ယခင်နှစ် အလားတူကာလထက် (၀.၄)ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း စိုက်ပျိုးရေးနှင့် ကျေးလက်ရေးရာဝန်ကြီးဌာန၏အချက်အလက်များအရ သိရှိရပါသည်။

ထို့အတူ တရုတ်၏ လယ်ယာထွက်ကုန်ပစ္စည်းတင်သွင်းမှုသည် အမေရိကန်ဒေါ်လာ (၁၇၈.၈၃) ဘီလီယံရှိပြီး ယခင်နှစ် အလားတူကာလထက် (၁.၈)ရာခိုင်နှုန်း တိုးလာသည်ဟု ကိန်းဂဏန်းအချက်အလက်များက ဖော်ပြထားပါသည်။

တရုတ်နိုင်ငံ၏ လယ်ယာထွက်ကုန်ကဏ္ဍတွင် ကုန်သွယ်မှုလိုငွေသည် အမေရိကန်ဒေါ်လာ ၁၀၆.၆၃ ဘီလီယံအထိ ရှိခဲ့ပြီး ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက (၂.၉)ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရှိရပါသည်။

Source:https://english.news.cn/20231101/502d4ee399184904905077c9525ae502/c.html

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး
နန်နင်းမြို့

## နိုင်ငံတကာမှ လယ်ယာစိုက်ပျိုးရေးကုမ္ပဏီများသည် တရုတ်နိုင်ငံအနောက်ပိုင်း ဈေးကွက်ကို မျက်စိကျနေ

တရုတ်နိုင်ငံအနောက်တောင်ပိုင်းရှိ စီချွမ်ပြည်နယ်၏ မြို့တော်ချန်ဒူးတွင် ၃၀-၁၀-၂၀၂၃ ရက်နေ့တွင် ပြီးဆုံးခဲ့သည့် $9^{th}$ Sichuan Agricultural Expo တွင် လယ်ယာထွက်ကုန်များ အမျိုးအပြား ပါဝင်ပြသထားသည်ကို တွေ့ရှိရကြောင်း မော်ရိုကိုရှိ "XTRA Hypermarket"၏ အကြီးအကဲ Taourghist Abdessamad က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ဂျုံနှင့် ပဲပုတ်ကဲ့သို့သော အခြေခံလယ်ယာထွက်ကုန်အချို့ကိုသာ ဝယ်ယူနိုင်မည်ဟု ယူဆခဲ့သော်လည်း ပြပွဲတွင် စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများစွာကို မြင်တွေ့ခဲ့ရကြောင်း၊ တရုတ်ပြည်တွင်းမှ လက်ဖက်စိမ်းကို အထူးစိတ်ဝင်စားပြီး နမူနာအချို့ဝယ်မည့်အပြင် တရုတ်လက်ဖက်ရည်ကုမ္ပဏီကို ဆက်သွယ်ရန် စီစဉ်လျက်ရှိသည်ဟု ၎င်းက ပြောကြားခဲ့ပါသည်။

အဆိုပါကုန်စည်ပြပွဲကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာ (၂၇)ရက်နေ့မှ (၃၀)ရက်နေ့အထိ ကျင်းပခဲ့ခြင်းဖြစ်ပြီး ပြပွဲဧရိယာ စတုရန်းမီတာ (၁၄၀,၀၀၀)ကျယ်ဝန်းကာ တရုတ်နိုင်ငံနှင့် ပြည်ပနိုင်ငံအများအပြားမှ လုပ်ငန်းပေါင်း (၃,၀၀၀)ပါဝင်ပြသခဲ့ကြောင်းသိရှိရပါသည်။ နိုင်ငံခြားစီးပွားရေးလုပ်ငန်းများမှ ကိုယ်စားလှယ်များသည် တရုတ်စိုက်ပျိုးရေးလုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် ကြိုးပမ်းခဲ့ကြကြောင်း သိရှိရပါသည်။

ပြပွဲစီစဉ်သူ၏အဆိုအရ ဗြိတိန်၊ နီပေါ၊ ကိုရီးယားသမ္မတနိုင်ငံ၊ ပါကစ္စတန်နှင့် အီတလီနိုင်ငံတို့အပါအဝင် ပြည်ပနိုင်ငံများသည် ပြပွဲအတွင်း အထူးအစီအစဉ်များ ပြုလုပ်ခဲ့ကြကြောင်း၊ ကုန်စည်ပြပွဲကို တက်ရောက်လာကြသည့် နိုင်ငံခြားကိုယ်စားလှယ် အများအပြားသည် တရုတ်နိုင်ငံအနောက်ပိုင်းဒေသများရှိ လယ်ယာထွက်ကုန်ဈေးကွက်ကို စိတ်ဝင်စားမှု ပြသခဲ့ကြကြောင်း သိရှိရပါသည်။

ကုန်စည်ပြပွဲတွင် အီသီယိုးပီးယားနိုင်ငံမှ လုပ်ငန်းရှင်တစ်ဦးသည် ၎င်း၏ဇာတိမြို့မှ ကော်ဖီစေ့များကို မိတ်ဆက်ခဲ့ပြီး လာရောက်ကြည့်ရှုသူများအတွက် ၎င်း၏ကော်ဖီကို မြည်းစမ်းစေခဲ့ကြောင်း သိရှိရပါသည်။

၎င်း၏ကုမ္ပဏီသည် တရုတ်ကုမ္ပဏီများနှင့် အရောင်းအဝယ်လုပ်ခဲ့သည်မှာ ဆယ်စုနှစ် တစ်ခုကျော်ရှိပြီဖြစ်ကြောင်း၊ ယခင်က ၎င်းတို့သည် ရှန်တုန်းပြည်နယ်မှ အာဖရိကနိုင်ငံများသို့ လယ်ယာသုံးစက်ပစ္စည်းများကို အဓိကတင်သွင်းခဲ့ကြောင်း၊ တရုတ်နိုင်ငံ၏ အခြေအနေများနှင့် ရင်းနှီးကျွမ်းဝင်လာခဲ့ပြီးနောက် တရုတ်လူငယ်များသည် ကော်ဖီကို ကြိုက်နှစ်သက်သည်ကို တွေ့ရှိခဲ့ကြောင်း၊ ၂၀၁၆ ခုနှစ်တွင် ၎င်းတို့သည် တရုတ်နိုင်ငံသို့ အီသီယိုးပီးယားမှ ကော်ဖီနှင့် နှမ်းများကို စတင်တင်ပို့ခဲ့

Agribusiness & Trade

ကြောင်း၊ ယခင်နှစ်တွင် ၎င်းတို့၏ရောင်းအားသည် အမေရိကန်ဒေါ်လာ (၁၅၀,၀၀၀) ခန့်အထိ ရှိလာခဲ့ကြောင်း ၎င်းက ပြောကြားခဲ့ပါသည်။

ရပ်ဝန်းနှင့်ပိုးလမ်းမတစ်လျှောက်ရှိမိတ်ဖက်နိုင်ငံများမှ လုပ်ငန်းရှင်များအကြား လယ်ယာစိုက်ပျိုးရေးလုပ်ငန်းနှင့် စိုက်ပျိုးရေးထွက်ကုန်များ တင်ပို့/တင်သွင်းခြင်း အပါအဝင် လယ်ယာစိုက်ပျိုးရေးကဏ္ဍ၌ အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်ရည်ရွယ်ပြီး ယခုနှစ် ကုန်စည်ပြပွဲ၌ ရပ်ဝန်းနှင့် ပိုးလမ်းမစိုက်ပျိုးရေးပူးပေါင်းဆောင်ရွက်မှု အထူးပြခန်းဆောင်ကို ခင်းကျင်းပြသခဲ့ကြောင်း သိရှိရပါသည်။

ပါကစ္စတန်နိုင်ငံသည် ယခုနှစ်ကုန်စည်ပြပွဲ၏ Guest of Honour ဖြစ်ပြီး Sichuan ရှိ နိုင်ငံတကာကုန်သွယ်ရေးကုမ္ပဏီတစ်ခု၏ အကြီးအကဲ He Xiaoyan သည် Pakistan National Pavilion ၌ Pakistan AMIR Rice Import & Export ကုမ္ပဏီမှ ပြသထားသော ဆန်အမျိုးအစား ဒါဇင်ကျော်ကို ကြည့်ရှုလေ့လာခဲ့ကြောင်း သိရှိရပါသည်။

He Xiaoyan သည် ယခင်က တရုတ်နိုင်ငံအရှေ့မြောက်ပိုင်းတွင် နိုင်ငံခြားကုန်သွယ်မှု လုပ်ငန်းကို လုပ်ကိုင်ခဲ့ပြီး ယခုနှစ်တွင် ၎င်း၏ကုမ္ပဏီကို ချန်ဒူးမြို့သို့ ပြောင်းရွှေ့ခဲ့ကြောင်း၊ တရုတ်နိုင်ငံအနောက်ပိုင်းသည် စိုက်ပျိုးရေးအရင်းအမြစ်များ ကြွယ်ဝပြီး စီချွမ်ရှိ လယ်ယာထွက်ကုန်ဈေးကွက်တွင် အလားအလာကောင်းများ ရှိနေကြောင်း၊ ထို့အပြင် စီချွမ်တွင် တရုတ်-ဥရောပ ကုန်တင်ရထားများသည် ရပ်ဝန်းနှင့်ပိုးလမ်းမတစ်လျှောက်ရှိ မိတ်ဖက်နိုင်ငံများသို့ ရောက်ရှိနိုင်ကြောင်း၊ ယင်းအချက်သည် တရုတ်နိုင်ငံအနောက်ပိုင်းဒေသ၏ လယ်ယာထွက်ကုန် တင်ပို့/တင်သွင်းမှုများအတွက် ခိုင်မာသော မောင်းနှင်အားတစ်ခုဖြစ်သည်ဟု ၎င်းကပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ထို့အပြင် ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်းမှ ရရှိလာသည့် အခွင့်အလမ်းများကို ဆုပ်ကိုင်နိုင်ရန်အတွက် ရိုးရာလက်ဖက်ခြောက်ရောင်းချသည့် Zhejiang Beilai Chaxiang Biotechnology Co., Ltd. သည် ထုတ်ကုန်သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးတွင် ပိုမိုရင်းနှီးမြှုပ်နှံရန် စတင်နေပြီ ဖြစ်ပြီး ယခုနှစ်တွင် ၎င်းတို့သည် နိုင်ငံတကာဈေးကွက်အတွက် အေးခဲထားသည့်လက်ဖက်ခြောက် ထုတ်ကုန်အသစ်ကို ပြသခဲ့သည်ဟု ကုမ္ပဏီ၏ လက်ထောက်အထွေထွေမန်နေဂျာ Cui Bingqian က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

တရုတ်စီးပွားရေးလုပ်ငန်းရှင်များသည် ကုန်စည်ပြပွဲမှတစ်ဆင့် ၎င်းတို့၏လယ်ယာထွက်ကုန်များကို နိုင်ငံတကာဈေးကွက်တွင် အရောင်းမြှင့်တင်ရန် မျှော်လင့်နေကြကြောင်း သိရှိရပါသည်။

Source: https://english.news.cn/20231101/cadc0a1c4e5a41689476253abd2fcee6/c.html

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး
နန်နင်းမြို့

Agribusiness & Trade

## ထိုင်းနိုင်ငံ၌ ပြည်သူများ နေ့စဉ်စားသုံးရာတွင် မရှိမဖြစ်အရေးပါသော ကုန်စည် အမျိုး ၂၀ အတွက် အောက်တိုဘာလမှစ၍ ဈေးနှုန်းလျှော့ချပေးသွားမည်ဖြစ်

**ထိုင်းနိုင်ငံအစိုးရသည် ပြည်သူများ နေ့စဉ်စားသုံးရာတွင် မရှိမဖြစ် အရေးပါသော ကုန်စည် အမျိုး ၂၀ အတွက် ဈေးနှုန်းလျှော့ချခြင်းကို အောက်တိုဘာလမှ စတင်၍ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊** အရေးပါသော ကုန်စည်များ၏ ကုန်ကျစရိတ်ပုံစံ အတွက် စိစစ်သုံးသပ်ရန်နှင့် ယခုလ အတွင်း လျှပ်စစ်ခတ်အားခနှင့် ဒီဇယ်ဈေးနှုန်းများ လျှော့ချပြီးနောက် မရှိမဖြစ်အရေးပါသော ကုန်စည်ဈေးနှုန်းများ လျှော့ချနိုင်ရေးအတွက် နည်းလမ်းရှာဖွေသွားရန် ပြည်တွင်းကုန်သွယ်ရေး ဦးစီးဌာနကို လမ်းညွှန်ထားပြီးဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး Mr. Phumtham Wechayachai ပြောကြားခဲ့ပါသည်။

နေထိုင်မှုကုန်ကျစရိတ်အပေါ် သက်ရောက်နိုင်သည့် ထုတ်ကုန်များအားလုံးကို စိစစ်ပြီး နောက် ကုန်ကျစရိတ်ကို ဆုံးဖြတ်ရမည်ဖြစ်ကြောင်း၊ သို့မှသာ ဈေးနှုန်းမည်မျှ လျှော့ချသင့်သည်ကို သိနိုင်မည်ဖြစ်ကြောင်း၊ အကြမ်းဖျဉ်းအားဖြင့် ဆန်၊ ကြက်သား၊ ဝက်သားနှင့် ဥအမျိုးမျိုး အပါအဝင် နေ့စဉ် မရှိမဖြစ် အရေးပါသော ကုန်စည် အမျိုး ၂၀ ၏ ဈေးနှုန်းကို လျှော့ချသွားမည်ဖြစ်ကြောင်း ဝန်ကြီးက ဆက်လက်ပြောကြားပါသည်။

ထုတ်လုပ်သူ၊ လုပ်ငန်းရှင်များနှင့် စားသုံးသူများအကြား ညီညွတ်မျှတစေရန်အတွက် စက်တင်ဘာလ နောက်ဆုံးပတ်တွင် လုပ်ငန်းလည်ပတ်နေသူများနှင့် တွေ့ဆုံဆွေးနွေးသွားမည်ဖြစ် ကြောင်း၊ ပြည်သူများ၏ ဖူလုံရေးကို ရှေးရှု၍ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ခြင်းဖြင့် ဆောင်ရွက် သွားမည့် အဓိကနယ်ပယ် ၇ ခုအတွက် လမ်းညွှန်ခဲ့ပြီး ဖြစ်ပါကြောင်း ဝန်ကြီး Mr. Phumtham က ဖြည့်စွက် ပြောကြားခဲ့ပါသည်။

Source: www.bangkokpost. gov

သီတာဝင်း၊ စီးပွားရေးသံမှူး

ဗန်ကောက်မြို့

.................................................................................

## ထိုင်းနိုင်ငံ စက်မှုဝန်ကြီးဌာနအနေဖြင့် ကုန်ပစ္စည်းများ၏ အရည်အသွေးစစ်ဆေးခြင်းကို တွန်းအားပေး ဆောင်ရွက်သွားစေလို

တရုတ်နိုင်ငံမှ တန်ဖိုးနည်း တင်သွင်းကုန်ပစ္စည်းများ ဝင်ရောက်လာခြင်းကို ထိန်းချုပ်ရန် ရည်ရွယ်၍ **Regulatory** ယူနစ်အသစ် တစ်ခုဖွဲ့စည်းရန် ထိုင်းနိုင်ငံ စက်မှုဝန်ကြီးဌာနအား တိုက် တွန်းလိုပါကြောင်း၊ ယင်းအဖွဲ့ကို စီမံခန့်ခွဲရာတွင် အစိုးရ သို့မဟုတ် စီးပွားရေးကဏ္ဍတို့မှ မည်သူ

မဆို ဆောင်ရွက်နိုင်ပါကြောင်း၊ အဓိက ရည်ရွယ်ချက်မှာ ဝန်ကြီးဌာန၏ ထိုင်းစက်မှု စံချိန်စံညွှန်း အင်စတီကျု **(Thai Industrial Standards Institute –TISI)** ကို ကုန်စည်များ၏ အရည်အသွေးနှင့် လုံခြုံစိတ်ချရမှု စစ်ဆေးရာတွင် ကူညီပေးရန်ဖြစ်ကြောင်း ထိုင်းစက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၏ ဒုတိယ ဥက္ကဋ္ဌ ဖြစ်သူ **Mr. Thawee Piyapatana** က ပြောကြားခဲ့ပါသည်။

တရုတ်နိုင်ငံမှ ဈေးနည်းသော ကုန်စည်များ တင်သွင်းလာမှုသည် မြင့်တက်လာပါကြောင်း၊ ထိုင်းဈေးကွက်အတွင်း စုပြုံစွန့်ပစ်ခြင်းပုံစံမျိုးကို ဖြစ်စေမည် ဖြစ်ကြောင်း၊ အင်စတီကျုအနေဖြင့် အရည်အသွေးမမီ ကုန်စည်များကို စစ်ဆေးရန်အတွက် လူအင်အား မလုံလောက်သဖြင့် လုပ်ငန်း ဆောင်ရွက်မှုတွင် နှေးကွေးနေသည်ဟု ထင်မြင်မိပါကြောင်း၊ အရည်အသွေးမမီ ဈေးနည်းသော တရုတ် ကုန်စည်များကြောင့် သံမဏိ၊ အလူမီနီယံ၊ ပလပ်စတစ်၊ ရေနံဓာတုနှင့် ဆေးဘက်ဆိုင်ရာ စသည့် ထိုင်းပြည်တွင်း ထုတ်လုပ်သည့် ကဏ္ဍ ၂၀ ခန့်တွင် ထိခိုက်မှုရှိနေပါကြောင်း ၎င်းက ဆက် လက် ပြောကြားပါသည်။

ထိုင်းနိုင်ငံ အစိုးရက တရုတ်ကုန်စည်များအတွက် သက်သေခံလက်မှတ်ထုတ်ပေးခြင်း လုပ် ငန်းစဉ်ကို တိုးမြှင့် မဆောင်ရွက်ပါက တင်သွင်းမှုပမာဏ ပိုမိုမြင့်တက်လာနိုင်ပြီး ပြည်တွင်း အငယ် စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို ထိခိုက်လာနိုင်ကြောင်း၊ အသင်းချုပ်အနေဖြင့် စိုးရိမ်ပူ ပန်လျက် ရှိပါကြောင်း၊ ထိုင်း–တရုတ် လွတ်လပ်သော ကုန်သွယ်မှု သဘောတူစာချုပ်အရ တရုတ် လုပ်ငန်းများက အခွန် မပေးဆောင်ရသဖြင့် တရုတ်ကုန်စည်များ၏ ဈေးနှုန်းအပေါ် ထိုင်းနိုင်ငံ ထုတ် လုပ်သူများအနေ ဖြင့် မယှဉ်ပြိုင်နိုင်ပါကြောင်း **Mr. Thawee** က ဖြည့်စွက်ပြောကြားပါသည်။

တရုတ်သွင်းကုန်များ မြင့်တက်လာပါက ကုန်သွယ်မှုလိုငွေဖြစ်ပေါ်လာနိုင်ပါကြောင်း၊ ပို့ကုန် အတွက် အကောက်ခွန်ရှင်းလင်းခဲ့မှုသည် အမေရိကန်ဒေါ်လာ ၂၄.၃ ဘီလီယံဖြစ်ပြီး သွင်းကုန် ၁၂.၈ ရာခိုင်နှုန်း ကျုံ့ခဲ့သဖြင့် ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၃၆၀ သန်း ဖြစ်ပေါ်ခဲ့သည်ဟု စီးပွား ရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားပါကြောင်း၊ ပထမ ၆ လအတွင်း တရုတ်သွင်းကုန်များ တင်သွင်းမှုသည် အလျင်အမြန်မြင့်တက်လာခဲ့ပြီး တရုတ်နိုင်ငံနှင့် ကုန်သွယ်မှု လိုငွေများစွာ ဖြစ်ပေါ်ခဲ့ကြောင်း အသင်းချုပ်၏ ဥက္ကဋ္ဌဖြစ်သူ **Mr. Kriengkrai Thiennukul** က ဖြည့်စွက် အကြံပြုထားပါသည်။

**Source:** [www.bangkokpost. gov](www.bangkokpost.gov)

သီတာဝင်း၊ စီးပွားရေးသံမှူး

ဗန်ကောက်မြို့

…………………………………………………………………………………………………

Agribusiness & Trade

## ရုရှားနိုင်ငံသည် အိန္ဒိယ၏ စက်မှုဇုန်များတွင် ရုရှားကုမ္ပဏီများကို နေရာချထားရန် စဉ်းစားလျက်ရှိ

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနသည် အိန္ဒိယရှိ စက်မှုဇုန်များတွင် ရုရှားကုမ္ပဏီများကို နေရာချထားရေးကိစ္စနှင့် ပို့ကုန်များတိုးမြှင့်ရန်အတွက် နိုင်ငံတွင်း သယ်ယူရေးနှင့် ထောက်ပံ့ပို့ဆောင်ရေး ဗဟိုဌာနတစ်ခု ထူထောင်ရန်ကိစ္စကို စဉ်းစားလျက်ရှိကြောင်း အဆိုပါဌာန၏ သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ယင်းကိစ္စနှင့်ပတ်သက်၍ လက်ရှိပထဝီနိုင်ငံရေးအခြေအနေအရ အိန္ဒိယနိုင်ငံတွင် သယ်ယူရေးနှင့် ထောက်ပံ့ပို့ဆောင်ရေး ဗဟိုဌာနတစ်ခု ထူထောင်ခြင်းသည် ရုရှား၏ ပို့ကုန်များ တိုးမြှင့်လာစေရန်နှင့် ကုန်သွယ်မှုနှင့် စီးပွားရေးဆက်ဆံမှုများ ပိုမိုနက်ရှိုင်းလာစေရန်အတွက် ဦးစားပေးကဏ္ဍအဖြစ် စဉ်းစားသုံးသပ်လျက်ရှိကြောင်း အဆိုပါဝန်ကြီးဌာနက ပြောကြားသည်။

လက်ရှိတွင် အဓိကသယ်ယူရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးလမ်းကြောင်းများ ဖွံ့ဖြိုးတိုးတက်စေခြင်းနှင့် ထောက်ပံ့ပို့ဆောင်ရေးဗဟိုဌာနများ ထူထောင်ခြင်းသည် မိတ်ဖက်နိုင်ငံများ၏ ပို့ကုန်ဈေးကွက်သစ်များသို့ ရုရှားထုတ်ကုန်များ တင်ပို့မှု တိုးမြှင့်လာစေရန်ဖြစ်ကြောင်း ဝန်ကြီးဌာနက မှတ်ချက်ပြုသည်။

အထူးသဖြင့် ရုရှားနှင့်အိန္ဒိယ အပြန်အလှန်ဆက်ဆံရေးသည် နိုင်ငံတကာ တောင်-မြောက် သယ်ယူပို့ဆောင်ရေးစင်္ကြံ(International North South Transport Corridor)၏ မူဘောင်အတွင်းတွင် တည်ရှိသည်။ ရုရှားမီးရထား ထောက်ပံ့ပို့ဆောင်ရေးကုမ္ပဏီသည် ရုရှား၊ ကာဇက်စတန်၊ တာ့ခ်မင်နစ္စတန်၊ အီရန်နှင့် အိန္ဒိယတို့၏ သယ်ယူပို့ဆောင်ရေးအခြေခံ အဆောက်အအုံများကို အသုံးပြု၍ တောင်-မြောက် ကုန်းကြောင်းစင်္ကြံတစ်လျှောက်သို့ ရထားကွန်တိန်နာဖြင့် ရုရှားမှ အိန္ဒိယသို့ ကုန်စည်များ စတင်ပို့ဆောင်နေပြီ ဖြစ်ပါသည်။

Fesco သယ်ယူပို့ဆောင်ရေးအုပ်စု ဥက္ကဋ္ဌ Mr. Arkady Korostelev က ၎င်းတို့သည် အိန္ဒိယနိုင်ငံတွင် ထောက်ပံ့ပို့ဆောင်ရေးစင်တာတစ်ခု ထူထောင်နိုင်ခြေကို ထည့်သွင်းစဉ်းစားလျက်ရှိကြောင်း စက်တင်ဘာလတွင် ပြောကြားခဲ့သည်။

Source : https://ria.ru/20231025/minpromtorg-1905063518.html

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကိုမြို့

……………………………………………………………………..

Agribusiness & Trade

## ရုရှားပို့ကုန်ပံ့ပိုးရေးစင်တာများသည် ၉ လအတွင်း SME လုပ်ငန်းပေါင်း ၂၂,၀၀၀ ကို ပို့ကုန်တင်ပို့နိုင်ရန် ကူညီပေးခဲ့

၂၀၂၃ ခုနှစ် ၉ လကာလအတွင်း အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း(SME) ပေါင်း ၂၉,၀၀၀ ကျော်သည် ဒေသတွင်း ပို့ကုန်ပံ့ပိုးရေးစင်တာများ၏ ဝန်ဆောင်မှုများကို အသုံးပြုခဲ့ကြပြီး အဆိုပါစင်တာများ၏ ပံ့ပိုးကူညီမှုဖြင့် ကုမ္ပဏီပေါင်း ၂၂,၀၀၀ သည် အမေရိကန်ဒေါ်လာ ၇၇၈.၃၃ သန်းကျော်တန်ဖိုးရှိ တင်ပို့မှုစာချုပ်များကို လက်မှတ်ရေးထိုး နိုင်ခဲ့ကြောင်း ရုရှားပို့ကုန်ပံ့ပိုးရေး စင်တာ(Russian Export Center – REC)၏ ဒေသတွင်း တင်ပို့မှုအထောက်အပံ့ဆိုင်ရာ အခြေခံ အဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေး ညွှန်ကြားရေးမှူး Mr. Natalia Minaeva က ပြောကြားခဲ့ပါ သည်။

ယခုနှစ်တွင် ပို့ကုန်ပံ့ပိုးရေးစင်တာသည် ယခင်နှစ်ထက် SME လုပ်ငန်းများ၏ နိုင်ငံခြား ဈေးကွက်သို့ တင်ပို့မှုကို ၄၀ ရာခိုင်နှုန်းတိုး၍ ပိုမိုကူညီပေးနိုင်ခဲ့ကြောင်း၊ SME လုပ်ငန်းများသည် ၎င်းတို့၏ထုတ်ကုန် တင်ပို့မှုကို ထင်တာထက် ပိုမိုလွယ်ကူပြီး ကုန်ကျစရိတ်နည်းတာကို သဘော ပေါက်လာနေပြီဖြစ်ကြောင်း Mr. Natalia Minaeva က ပြောကြားသည်။

ရုရှားပို့ကုန်ပံ့ပိုးရေးစင်တာ(REC)သည် သယံဇာတမဟုတ်သော ပို့ကုန်များကို ပံ့ပိုးပေးသည့် နိုင်ငံပိုင်အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ရုရှားပို့ကုန်လုပ်ငန်းရှင်များအား ဘဏ္ဍာရေးနှင့် ငွေကြေးမဟုတ် သော ပံ့ပိုးမှုဆိုင်ရာ အစီအမံများစွာကို ကူညီပေးသည့် ကုမ္ပဏီအုပ်စု အဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။

REC သည် သက်ဆိုင်ရာ ပြည်တွင်းဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံ ရေးအတွက် ဗဟိုချက်တစ်ခုအဖြစ် ဆောင်ရွက်လျက်ရှိပြီး ရုရှားနိုင်ငံရှိ အဓိကစက်မှုလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ပူးပေါင်းပြီး နိုင်ငံ၏ ပို့ကုန်အခြေအနေများကို တိုးတက်လာစေရန်နှင့် ကုန်သွယ်ရေးအတားအဆီးများကို ရှောင်လွှဲနိုင်ရန် ကူညီဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

Source : https://ria.ru/20231026/kompanii_msp-1905331945.html

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကိုမြို့

……………………………………………………………………………..

Agribusiness & Trade

## ရုရှားနှင့် မွန်ဂိုလီးယားနိုင်ငံတို့သည် “MIR” ငွေပေးချေမှုစနစ် အသုံးပြုရန် ဆွေးနွေး

ရုရှားနှင့် မွန်ဂိုလီးယားနိုင်ငံတို့သည် ကုန်စည်နှင့် ဝန်ဆောင်မှုများအတွက် ငွေသားမဟုတ်သော ငွေပေးချေမှုများအတွက် “MIR” ငွေပေးချေမှုစနစ်အသုံးပြုမှုဆိုင်ရာ ညှိနှိုင်းမှုများ ပြန်လည်စတင်ခဲ့ကြောင်း ရုရှားဒုတိယဝန်ကြီးချုပ် Ms. Viktoria Abramchenko က ပြောကြားသည်။

“MIR” ကတ်များ၊ သို့မဟုတ် အစားထိုးငွေပေးချေမှုနည်းလမ်းများကို အသုံးပြု၍ ရုရှားခရီးသွားများ၏ ကုန်စည်နှင့် ဝန်ဆောင်မှုများအတွက် ငွေသားမဟုတ်သော ငွေပေးချေမှု ဖြစ်နိုင်ခြေသည် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုတွင် အရေးကြီးသောပြဿနာတစ်ခုအဖြစ် ရှိနေသေးကြောင်း ဒုတိယဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလတွင် မွန်ဂိုလီးယားနိုင်ငံ ပတ်ဝန်းကျင်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန၏ ခရီးသွားမူဝါဒ ညှိနှိုင်းရေးဌာန အကြီးအကဲ Mr. Tuksgrlin Munk-Od ၏ ပြောဆိုမှုအရ ရုရှားနိုင်ငံသုံးငွေပေးချေမှုစနစ် “MIR” ကတ်သည် ငွေပေးချေမှုများအတွက် မွန်ဂိုလီးယားတွင် မကြာမီ အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း၊ ပြည်တွင်းဘဏ်များတွင် ကြိုတင်ပြင်ဆင်မှုများ ပြီးလုနီးပါးဖြစ်နေပြီဖြစ်ကြောင်း သိရှိရပါသည်။

“MIR” ကတ်များကို ဘဏ်များက စတင်လက်ခံသည့် ပထမဆုံးနိုင်ငံများမှာ ၂၀၁၈ ခုနှစ်တွင် ဘီလာရုစ် နှင့် ကာဇက်စတန်နိုင်ငံတို့ ဖြစ်သည်။ လက်ရှိတွင် အဆိုပါ ရုရှား ငွေပေးချေမှုစနစ်ကို နိုင်ငံပေါင်း ၁၀ နိုင်ငံခန့်က အသုံးပြုလျက်ရှိပြီး ၁၅ နိုင်ငံကျော်က ၎င်းကို အကောင်အထည်ဖော်ရန် အဆင်သင့်ရှိကြောင်း သိရှိရပါသည်။

Source : https://tass.ru/ekonomika/19092117

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကိုမြို့

Agribusiness & Trade

## အိန္ဒိယနိုင်ငံ၏ မျှော်မှန်းချက် ၂၀၄၇ (အလယ်အလတ်ဝင်ငွေအဆင့်မှ လွတ်မြောက်ပြီး ဖွံ့ဖြိုးပြီးနိုင်ငံအဆင့်ဖြစ်လာရေးမျှော်မှန်းချက်)

အိန္ဒိယအစိုးရ၏ မူဝါဒရေးရာ အကြံပေးအဖွဲ့ Niti Aayog's သည် မျှော်မှန်းချက် ၂၀၄၇ (မူကြမ်း) ကို အပြီးသတ်ရေးဆွဲနေကြောင်း၊ ယင်းမျှော်မှန်းချက်သည် အိန္ဒိယနိုင်ငံ၏ လွတ်လပ်ရေးရပြီး နှစ် ၁၀၀ ပြည့်မြောက်မည့် ၂၀၄၇ ခုနှစ်တွင် ဒေါ်လာ ထရီလီယံ ၃၀ ရှိသည့် စီးပွားရေးဖြစ်ရန် ရည်မှန်းထားပြီး အလယ်အလတ်ဝင်ငွေအဆင့်မှ လွတ်မြောက်၍ ဖွံ့ဖြိုးပြီးနိုင်ငံအဆင့်သို့ ရောက်

ရှိစေရန် လမ်းပြမြေပုံကို ရေးဆွဲချမှတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း The Economic Times သတင်းစာတွင်ဖော်ပြထားပါသည်။

ဝန်ကြီးချုပ် နာရင်ဒြာမိုဒီမှ ယင်းမျှော်မှန်းချက်အား လာမည့်သုံးလအတွင်း အများပြည်သူသို့ တရားဝင်အသိပေးထုတ်ပြန်သွားမည်ဖြစ်ကြောင်းနှင့် အစိုးရ၏ ဖွဲ့စည်းပုံဆိုင်ရာ အခြေခံကျ သည့် အချက်အလက်များကို ပြင်ဆင်ဖွဲ့စည်းမှုအား အာရုံစိုက်သွားမည်ဖြစ်ကြောင်း NITI Aayog ၏အမှု ဆောင်အရာရှိချုပ်ဖြစ်သူ BVR Subramanian က တနင်္ဂနွေနေ့၌ သတင်းမီဒီယာများနှင့် တွေ့ဆုံ ရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ကဏ္ဍအလိုက် အဖွဲ့ ၁၀ ဖွဲ့၏ အကြံပြုချက်များအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နေသည့် NITI Aayog သည် အဆိုပါအဖွဲ့အား နောက်ဆုံးတင်ပြချက်အဖြစ် နိုဝင်ဘာလပထမပတ်တွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းနောက် နိုဝင်ဘာလ၊ တတိယပတ်တွင် စက်မှုလုပ်ငန်းရှင် များနှင့် ပညာရှင်များအပါအဝင် နိုင်ငံ့ခေါင်းဆောင်များအားတွေ့ဆုံညှိနှိုင်း၍ မျှော်မှန်းချက် ၂၀၄၇ (မူကြမ်း)ကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာလတွင် အပြီးသတ်ရန် စီစဉ်ထားကြောင်း သိရသည်။

Subramanian က အိန္ဒိယ၏ လူဦးရေသည် ၂၀၄၇ ခုနှစ်တွင် ၁.၅ ဘီလီယံနှင့် တစ်ဦးချင်း ဝင်ငွေ ကန်ဒေါ်လာ ၁၈,၀၀၀ မှ ၂၀,၀၀၀ ကြားရှိမည်ဟု အစိုးရက ခန့်မှန်းထားကြောင်းနှင့် အိန္ဒိယ သည် ဖွံ့ဖြိုးပြီးနိုင်ငံဖြစ်ရန်အတွက် အကြီးအကဲများက ပိုမိုကောင်းမွန်သည့် အနာဂတ်အတွက် အရေးကြီးသည့် ကဏ္ဍများတွင် နည်းဗျူဟာပိုင်းဆိုင်ရာ ချမှတ်ဆောင်ရွက်ရန်တာဝန်ရှိသကဲ့သို့ အောက်ခြေအဆင့်တွင်လည်း ဆုံးဖြတ်ချက်များ ချမှတ်ဆောင်ရွက်နိုင်စွမ်းရှိစေရန်လိုအပ်သဖြင့် အစိုးရတရပ်လုံးကို ပြန်လည်သုံးသပ်ဖွဲ့စည်းရန် လိုအပ်သည်ဟု ပြောကြားထားသည်။

Niti Aayog သည် ဝန်ကြီးချုပ်မိုဒီမျှော်မှန်းထားသည့်အတိုင်း အိန္ဒိယနိုင်ငံအား ဖွံ့ဖြိုးပြီးနိုင်ငံ ဖြစ်လာစေရန်အတွက် ၂၀၃၀ ခုနှစ် အတွက် မြင်သာထင်သာရှိသည့် ရည်မှန်းချက် ပန်းတိုင်များ ချမှတ်ခြင်း၊ မက်ခရိုစီးပွားရေးပုံစံများချမှတ်ခြင်းနှင့် ၂၀၄၇ ခုနှစ်အတွက် ဖွဲ့စည်းပုံဆိုင်ရာ အပြောင်း အလဲများကို လုပ်ဆောင်ထားပြီးဖြစ်ကြောင်း Subramanian က ထပ်လောင်း ပြောကြားခဲ့သည်။

၂၀၂၁ ခုနှစ် ဒီဇင်ဘာလတွင် စတင်ခဲ့သော မျှော်မှန်းချက် ၂၀၄၇ စာတမ်းသည် ဗဟိုအစိုးရ နှင့် ပြည်နယ်များ အတူတကွပူးတွဲရေးဆွဲထားသောကြောင့် မူဝါဒများကို အကောင်အထည်ဖော်ရာ တွင် ပြည်နယ်များ၏ အခန်းကဏ္ဍ ပိုများလာမည်ဖြစ်ကြောင်းလည်း သိရှိရသဖြင့် အိန္ဒိယနိုင်ငံ၏ လွတ်လပ်ရေးရပြီး နှစ် ၁၀၀ ပြည့်မြောက်မည့် ၂၀၄၇ ခုနှစ်အတွက် ရည်မှန်းချက်၊ မျှော်မှန်းချက် များ ချမှတ်အကောင်အထည်ဖော်ဆောင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်နေမှုအခြေအနေ သိရှိနိုင်ပါ ရန် တင်ပြအပ်ပါသည်။

Source : Vision 2047: Eye on developed tag, escaping middle trap, The Economic Times.

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး
နယူးဒေလီမြို့

Agribusiness & Trade